# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၃)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Col, Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

# စီမံကိန်းအောင်မြင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေး ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းလက်တွဲဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းတွင် ပုသိမ်၊ မအူပင်၊ ဟင်္သာတမြို့တို့ကို အထူးဖွံ့ဖြိုးရေး ဒေသသတ်မှတ်၍ ဆေးရုံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့်လည်း တံတားကြီး ၄၂ စင်းကို တည်ဆောက်ပေးခဲ့ပြီး မကြာမီကာလတွင် ဖျာပုံတံတားသစ်ကြီး ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ အမာဒေသတို့သည် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

ဧရာဝတီတိုင်းသည် ယခင်က ရေလမ်းခရီးသာ အသုံးပြုနိုင်ရာမှ ယခုအခါ ငပုတောမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှလွဲ၍ ဧရာဝတီတိုင်းတစ်ခုလုံး ကားလမ်းများကို အသုံးပြုနိုင်ပြီ ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်မှ ဧရာဝတီတိုင်းအတွင်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေသကဲ့သို့ တိုင်းအတွင်းရှိ ဌာနဆိုင်ရာများနှင့် ဒေသနေပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဧရာဝတီတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးဧက ၃၇ သိန်း၊ နွေစပါးဧက ၁၆ သိန်း စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေးအတွက် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ မွေးမြူရေးကဏ္ဍတွင်လည်း ရေချိုငါးမွေးမြူရေးသာမက ပင်လယ်ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အောင်မြင်ရေးအတွက်လည်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ဦးဆောင်၍ ဌာနဆိုင်ရာအဆင့်ဆင့် ပါဝင်သော ကော်မတီဝင်များက ကျေးလက်ဒေသအရောက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းသည် စီးပွားရေးကောင်းမွန်သည့် ဒေသဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တာဝန်ရှိသူများက ဖိဖိစီးစီး ကူညီဖြည့်ဆည်းပေးကြရန် လိုပေသည်။ ထို့အပြင် နိုင်ငံတော်က ချမှတ်ထားသော စီမံကိန်းနှင့် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လည်းကောင်း ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းလက်တွဲ၍ တက်ညီလက်ညီ ဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၂–၁၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၅ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လျှို့ဝှက်ချက်”** (အပိုင်း–၃၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း–၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂–၁၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ဖူးမြော်ကြည်ညိုဖွယ်ရာ အောင်ဆုပြည့်ကြောင်း ရှစ်သောင်းလေးထောင် စေတီတော်မဟာ (ပခုက္ကူ)
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ နိုင်ငံတကာအနုပညာရေးရာ
၇း၃၀ တေးဂီတအစီအစဉ်
၇း၃၅ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ
၈း၁၅ ပြည်တွင်းသတင်းအကျဉ်း
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ လက်ဖက်စိုက်ပျိုးနည်း
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ Yangon Panorama (Nikko Loy Krathong & Ta Saung Daing Festival)
၉း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀ ရော်ဘာသစ်အလှ ပရိဘောဂ
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ မိုးလေဝသခန့်မှန်းချက်
၉း၄၅ Midweek Sports News
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ လုပဆန်းကြယ် မြန်မာ့ ရွှေချည်ထည်
၁၀း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ Myanmar Video Rhythm
၁၁း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ ယူးချောင်းတံတား
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## Champions League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၅၅ | Spartak Moscow-Bayern Munich | 5-Sports(Live) |
| ၂း၀၀ | Werder Bremen-Chelsea | 5-Sports(Live) |
| | Levski Sofia-Barcelona | 5-Series(Live) |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# တယ်လီဖုန်းစနစ်နည်းပညာများ အမြဲလိုက်မီနေအောင် ကြိုးစား နည်းပညာများ ပြောင်းလဲနေမှု မျက်ခြည်မပြတ်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၁

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၆)ရှိ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (Express Mail Service International) သို့ ရောက်ရှိပြီး EMS ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် ဟံသာဝတီ အော်တိုအိတ်ချိန်းသို့ ရောက်ရှိကာ အော်တိုအိတ်ချိန်းရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** အော်တိုဆက်သွယ်ရေး အိတ်ချိန်းစနစ်များ စနစ်တကျလည်ပတ်ရေး၊ ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းများနှင့်အညီ စနစ်တကျ တာဝန်ထမ်းဆောင်ရေး မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးသည် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းက Myanmar Info-Tech သို့ရောက်ရှိပြီး ကွန်ပျူတာသုံး မြန်မာစာ စနစ် ဆောင်ရွက်ထားရှိမှုနှင့် ကွန်ပျူတာသုံး အင်္ဂလိပ်စာမှ မြန်မာစာ စနစ်သို့ အလိုအလျောက် ဘာသာပြန်ဆိုသော Translation Machine စနစ် တည်ဆောက်နေမှုနှင့် e-Government စနစ် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ တာဝန်ရှိသူများ၊ မြန်မာအဖွဲ့ဝင်ဦးထွန်းတင့်၊ မြန်မာ ကွန်ပျူတာအသင်းမှ ဒေါက်တာဒေါ်မြင့်မြင့်သန်းတို့က ကွန်ပျူတာသုံး မြန်မာစာစနစ်နှင့် Translation Machine ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက e-Government ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### လုပ်ငန်းများစနစ်တကျဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး အိတ်ချိန်းသို့ ရောက်ရှိလာရာ အင်ဂျင်နီယာချုပ် ဦးဇော်တင့်က လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလိုင်းအင်အားများ တိုးချဲ့နိုင်ရေး၊ လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟန်း GSM အိတ်ချိန်းသို့ ရောက်ရှိပြီး စစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးသိန်းဦးက ရန်ကုန်မြို့၌ GSMစနစ်များ တိုးချဲ့တပ်ဆင်မှုအခြေအနေများနှင့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တင်ပြသည်။ ဝန်ကြီးက GSM စနစ်များ ကောင်းမွန်ရေး၊ လုပ်ငန်းများစနစ်တကျရှိရေး အနာဂတ်တွင် ဖြစ်ပေါ်လာမည့် တယ်လီဖုန်းစနစ်များ၏ နည်းပညာများကို အမြဲလိုက်မီနေအောင် ကြိုးစားရေး၊ နည်းပညာများ ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် လေ့လာရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

**မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေး မိသားစု၏ တတိယ အကြိမ် စုပေါင်း မဟာဘုံကထိန်ပွဲတော်ကို ဈေးသာယာရေး အဖွဲ့က ဦးဆောင်လျက် တန်ဖိုး ၂၁ သိန်းခန့်ရှိ ပဒေသာပင်များဖြင့် မြို့နယ်အတွင်း လှည့်လည်ကြစဉ်။**
(သတင်းစဉ်)



# အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ဖတ်ကြား

ရန်ကုန် နိုဝင်ဘာ ၂၁

**အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော နေရာများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

## နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောနှင့် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၃) မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၃၀ ရှိသည့်အနက် ကိုယ်စားလှယ် ၂၈ဦးတို့ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၃၃ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က အဖွင့်အမှာစကား ပြောကြားသည်။





**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

### ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အကြံပြုချက်စာတမ်းများကို မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးသာဘန်းအောင်ကလည်းကောင်း၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲကလည်းကောင်း၊ ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်မှ ဦးစောစံရွှေကလည်းကောင်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေးကလည်းကောင်း၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်ကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အကြံပြုချက်စာတမ်းများပြုစုရန် အချိန်ကာလသတ်မှတ်ရေးအတွက် သဘာပတိအဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။





**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်က လည်းကောင်း ဆောင်ရွက်ကြသည်။

### တက်ရောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၆၄၅ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၄၇၀ တို့ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၂ ဒသမ ၈၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက အဖွင့်အမှာစကားပြောကြားသည်။

### အတည်ပြုချက်ရယူ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ပဲခူးတိုင်းမှ ဦးဝင်းမြင့်စိုးကလည်းကောင်း၊ ကချင်ပြည်နယ်မှ ဒေါ်ဆိုင်းခေါင်က လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးအောင်သန်းဦးက လည်းကောင်း၊ ဧရာဝတီတိုင်းမှ ဦးခင်မောင်ရီက လည်းကောင်း အသီးသီး ဖတ်ကြားကြပြီး အကြံပြုချက်စာတမ်းကို အလှည့်ကျသဘာပတိက အစုအဖွဲ့ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။





**တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်က လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၉၃ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၈၀ တို့ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၀၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာစကား ပြောကြားသည်။

### အကြံပြုချက်စာတမ်းဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဧရာဝတီတိုင်းမှ ဦးစိုးနိုင်က လည်းကောင်း၊ ကရင်ပြည်နယ်မှ ဦးမန်းအဘီးကလည်းကောင်း၊ ကချင်ပြည်နယ်မှ ဦးဟောင်းဂျုံးက လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး အကြံပြုချက် စာတမ်းကို အလှည့်ကျ သဘာပတိက အစုအဖွဲ့ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ဓာတ်ဆီဖြည့်မှုသတိပြု

**ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှုမှ သဘာဝတည်ငြိမ်လျှပ်စစ်တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြပါရန်။**

မီးသတ်ဦးစီးဌာန။

# သီရိလင်္ကာနိုင်ငံ၏ ဒုတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်

ကိုလံဘို နိုဝင်ဘာ ၂၁

**သီရိလင်္ကာနိုင်ငံ ဟမ်ဘင်တိုတာခရိုင်တွင် သီရိလင်္ကာနိုင်ငံ၏ ဒုတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နိုဝင်ဘာ ၁၉ ရက်မှစတင်ကာ တည်ဆောက်နေပြီ ဖြစ်ကြောင်းသိရသည်။**

ကိုလံဘိုမြို့၏ အရှေ့တောင်ဘက် ၂၅၅ ကီလိုမီတာခန့်အကွာရှိ ဝီရာဝီလာအရပ်တွင် တည်ဆောက်မည့် အဆိုပါ လေဆိပ်၏အုတ်မြစ်ချပွဲ အခမ်းအနားၥ္ သီရိလင်္ကာ သမ္မတ မာဟင်ဒါရာဂျာပါစ်ဆီက တက်ရောက် အုတ်မြစ်ချပေးခဲ့သည်။

**ကုန်ကျငွေ**

အဆိုပါ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို လာမည့် ၂၀၀၉ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁၂၅သန်းခန့် ရှိမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး ဆိပ်ကမ်းနှင့်လေကြောင်းဆိုင်ရာ ဝန်ကြီးလည်းဖြစ်သူ မင်ဂလာဆမာရာဝီရာက ပြောကြားသည်။

**တည်ဆောက်**

အဆိုပါ ဝီရာဝီလာ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကြီးမားသောလေယာဉ်ကြီးရှစ်စင်း တစ်ချိန်တည်းဆိုက်ရောက်ဝင်ထွက်သွားလာနိုင်အောင် တည်ဆောက်သွားမည်ဖြစ်သည်။

**ရပ်နား**

မြေအကျယ်အဝန်း ဟက်တာ ၁၁၅၀ ရှိပြီး လေယာဉ်ပြေးလမ်း မီတာ ၄၀၀၀ ရှည်သော ပြေးလမ်းတစ်ခုလည်း ပါရှိမည်ဖြစ်ရာ လေယာဉ် ၁၄ စင်း ရပ်နားနိုင်သည့် နေရာလည်းပါဝင်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အခွန်စည်းကြပ်မှုဆိုင်ရာ သဘောတူညီချက် မက္ကဆီကိုနှင့် နယူးဇီလန်တို့ လက်မှတ်ရေးထိုး

ဝယ်လင်တန် နိုဝင်ဘာ ၂၁

**နယူးဇီးလန်နှင့် မက္ကဆီကိုနှစ်နိုင်ငံတို့သည် အခွန်စည်းကြပ်မှုဆိုင်ရာ သဘောတူညီချက် စာချုပ်တစ်ရပ်ကို နှစ်နိုင်ငံတို့က လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ပီတာဒွန်နီက နိုဝင်ဘာ ၁၈ ရက်၌ ပြောကြားသည်။**

အဆိုပါ သဘောတူညီချက်ကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် အခွန်များ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အခွန်လျှော့ချမှုကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် အောင်မြင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သဘောတူ**

ထိုသဘောတူညီချက်မှာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် မကြာမီက ကျင်းပခဲ့သော အေပက်အစည်းအဝေး၌ နှစ်နိုင်ငံစလုံးက သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

**တင်ပို့ခဲ့**

မက္ကဆီကိုနိုင်ငံသည် နယူးဇီလန်နိုင်ငံအတွက် လက်တင်အမေရိက၌ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နယူးဇီလန်နိုင်ငံက မက္ကဆီကိုနိုင်ငံသို့ ယခုနှစ်ဇွန်လအထိ အမေရိကန်ဒေါ်လာ ၄၂၉သန်းဖိုး ကုန်ပစ္စည်းများ တင်ပို့ခဲ့သည်။ မက္ကဆီကိုနိုင်ငံကလည်း နယူးဇီလန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂၂သန်းဖိုး ပမာဏရှိသောကုန် ပစ္စည်းများတင်ပို့ခဲ့သည်။ တင်ပို့သည့် ပစ္စည်းများမှာကွန်ပျူတာ၊ မော်တော် ယာဉ်များနှင့် အခြားစက်ပစ္စည်း အစိတ်အပိုင်းတို့ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**






# အီဂျစ် ရင်ချင်းဆက်အမွှာ အောင်မြင်စွာခွဲစိတ်

ကိုင်ရို နိုဝင်ဘာ ၂၁

**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဆေးရုံတစ်ရုံ၌ နိုဝင်ဘာ ၁၈ရက်က ပထမဦးဆုံးသော ရင်ချင်းဆက်အမွှာကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း (အပေါ်ပုံ)အီဂျစ်သတင်းအေဂျင်စီ မီနာက သတင်းထုတ်ပြန်ထားသည်။**

အောင်မြင်စွာခွဲစိတ်

**အဆိုပါ အမွှာမှာ ရင်ချင်းဆက်နေကြသည့် ၁၀လအရွယ် အမွှာဖြစ်ပြီး ယင်းအမွှာကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၏ ရှေးအကျဆုံး ဆေးရုံကြီးတစ်ရုံဖြစ်သည့် အာမက်မဟာဆေးရုံ၌ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ကြောင်း အီဂျစ်ကျန်းမာရေး ဝန်ကြီး ဟေတန်အယ်-ဂါဘရီ၏ ပြောကြားချက်အရ ၎င်းသတင်းဌာနက ကိုးကားဖော်ပြသည်။**

ကြီးကြပ်ဆောင်ရွက်

**ယင်းခွဲစိတ်မှုမှာ အီဂျစ်နိုင်ငံ၌ ပထမဆုံးအောင်မြင်စွာ ခွဲစိတ်နိုင်ခြင်းဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အောင်မြင်စွာခွဲစိတ်ခဲ့ကြောင်း အဆိုပါ ရင်ချင်းဆက်အမွှာ ခွဲစိတ်မှုကို အသေးစိတ်ဖြေကြားပေးရန် ၎င်းဝန်ကြီးက လာမည့် နိုဝင်ဘာ ၂၀ ရက်က စီစဉ်ထားကြောင်း သိရသည်။** အမ်အင်အေ၊ဆင်ဟွာ

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အရှည်ဆုံး ရေလွှာလျှောစီး ဘုတ်ပြားစီးနင်းသူ



**ကမ္ဘာပေါ်တွင် အရှည်ဆုံးရေလွှာလျှောစီးဘုတ်ပြားဖြင့် စီးနင်းကာ စွမ်းရည်ပြနေသူတစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

ဘရာဇီးနိုင်ငံသား ရီကိုဒီဆိုဇာက ဘရာဇီးနိုင်ငံ ရီရိုဒီဂျနေရိုးမြို့ ကမ်းခြေရေပြင်တွင် အရှည် ၂၆ဒသမ ၄၂ပေရှိသော ရေလွှာလျှောစီးဘုတ်ပြားဖြင့် စီးနင်းခဲ့သည့်အပြင် ရေလွှာတစ်ခုပေါ်တွင် အဆိုပါ ဘုတ်ပြားဖြင့် အချိန် ၁၁ စက္ကန့် ကြာအောင် လေထဲ၌ နေပြနိုင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**



## ကမ္ဘာ့အရှည်ဆုံး ကောက်ရိုးဆက်ကြိုး

**ကမ္ဘာပေါ်တွင် အရှည်ဆုံး ကောက်ရိုးဆက်ကြိုးတစ်ခုကိုပြုလုပ်နေကြသူများအား တွေ့ရစဉ်။**(ဝဲပုံ)

နယူးယောက်မြို့တွင် အထက်တန်းကျောင်းသားပေါင်း ၁၃၃ ဦးတို့က စုပေါင်း၍အရှည် ၂၄၁၆၆ဒသမ ၈ပေရှိသော ကောက်ရိုးဆက်ကြိုး တစ်ခုကို ပြုလုပ်ခဲ့ကြရာ ၎င်းကောက်ရိုးဆက်ကြိုးသည် ကမ္ဘာပေါ်တွင် အရှည်ဆုံးဆက်ကြိုးအဖြစ် ဂင်းနစ်ဂက် မှတ်တမ်းဝင်မည် ဖြစ်သည်။ ယခင်က ဂင်းနက်စ် စံချိန်တင်ထားခဲ့သော ကောက်ရိုးဆက်ကြိုးအရှည်မှာ ၃ဒသမ ၈၇ မိုင်ရှည်ကြောင်း သိရသည်။

**(အင်တာနက်)**

# လော့စ်အိန်ဂျလိစ်မြို့၌ မြူနှင်းများကျဆင်း လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းရ

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၁**

လော့စ်အိန်ဂျလိစ်မြို့တွင် နိုဝင်ဘာ ၁၈ရက်ညက မြူနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့် လေယာဉ်ခရီးစဉ် ၈၈ခု ရွှေ့ဆိုင်းခဲ့ရကြောင်း ပြည်ထောင်စု လေကြောင်းအုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်အေအေ)က ပြောကြားသည်။

လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြူနှင်းများ ထူထပ်စွာ ဖုံးလွှမ်းနေသဖြင့် လေယာဉ်များပျံသန်းမှု တစ်နာရီခန့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

**ဆင်းသက်**

ထိုသို့ မြူနှင်းများ ဖုံးလွှမ်းနေ၍ တစ်မိုင်ခန့်အကွာအဝေးကိုပင် သဲကွဲစွာ မမြင်ရကြောင်း အဆိုပါလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ပုံမှန်အားဖြင့် လေယာဉ် ၅၈ စင်းမှ အစင်း ၆၀ ဆင်းသက်နေချိန်တွင် ၃၂စင်းမှ ၄၂စင်းသာ ဆင်းသက်နိုင်သည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်ကျန်းမာရေး ဒုတိယဝန်ကြီး ပြန်ပေးဆွဲခံရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၁**

အီရတ်နိုင်ငံ၌ နိုဝင်ဘာ ၁၉ ရက်က ကျန်းမာရေး ဒုတိယဝန်ကြီးအား ၎င်း၏နေအိမ်မှ သေနတ်သမားများက ပြန်ပေးဆွဲကြောင်း ၎င်း၏ လက်ထောက်နှင့် အိမ်နီးချင်းတစ်ဦးက ပြောကြားသည်။

စစ်ဝတ်စုံ ဝတ်ဆင်ထားသည့် သေနတ်သမားများက ၎င်းအား ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ၎င်းတို့က ရိုက်တာသို့ ပြောကြားသည်။

ပြန်ပေးဆွဲခံရသူ၏မိသားစုသည် ဗြိတိန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး ၎င်းသည် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်သို့ အမေရိကန်တို့ စတင်ဝင်ရောက်ပြီး ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားကတည်းက အီရတ်အစိုးရအဖွဲ့တွင် ကျန်းမာရေး ဒုတိယဝန်ကြီး အဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊အမှတ် (၁၃) ထွက်ပြီ



**ရန်ကုန် နိုဝင်ဘာ ၂၁**

ရွှေနိုင်ငံ ဂျာနယ်၊အတွဲ(၅)၊ အမှတ် (၁၃)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ဓါတ်ပုံ)** အဆိုပါဂျာနယ်တွင် မြန်မာနိုင်ငံအား တရုတ်က အတိုးနှုန်း သက်သာသော ချေးငွေ ယွမ်သန်း၃၀၀နှင့် အတိုးမဲ့ချေးငွေ ယွမ်သန်း ၅၀ ပေးမည်။ ရန်ကုန် စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၏ အမြင်နှင့် သဘောထား၊ အင်အားအကြီးဆုံး အဓိက ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းကြီး၊ သစ်ဈေးကွက်ကို ဘယ်လိုယှဉ်ပြိုင်ထိုးဖောက်မည်လဲ၊ ရန်ကုန်မြို့တော်က ထုတ်သော မော်တော်ကားများ၊ မိုဘိုင်းလ်ဖုန်းဖြင့် SMS ပေးပို့ရာတွင် မြန်မာစာသုံးနိုင်မည်၊ အနာဂတ်တွင် သန့်ရှင်းသည့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်အောင် ပြုပြင်ပြောင်းလဲနေ၊ မကြာမီ သီလဝါ အထူးဇုန်ကြီးပေါ်လာမည်၊ ဆောင်းကြက်သွန် ပိုမိုစိုက်ပျိုးထွက်ရှိရန် ကြိုးပမ်းလျက်ရှိ၊ သားဖွားနှင့်သူနာပြု အခန်းကဏ္ဍ အရေးပါ၊ မိမိရဲ့ မဟာမိတ်များအပါးမှ ခပ်ဝေးဝေးနေရန် အမေရိကန်ကို အီရတ်ဝန်ကြီးချုပ် အမိန့်ပေး၊ အထီးကျန်ဖြစ်နေရတဲ့ဘဝနဲ့ အနုမြူလက်နက်ပိုင်ရှင် လူရှိသေဘဝကို ဆက်လက်စောင့်ကြည့်မယ့် မြောက်ကိုရီးယား၊ လူသတ်ကွင်းများဖြစ်လာတဲ့ အီရတ်ဆေးရုံများစသည့် ပြည်တွင်း ပြည်ပသတင်းများ၊ ဆောင်းပါးများ၊ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

စာမူများပေးပို့ရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အဆောက်အအုံ ရွှေနိုင်ငံဂျာနယ် ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးညိုဆရာတော် တရားသင်တန်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဗုဒ္ဓ၏ ဓမ္မအစစ်တရားနှစ်များကို ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ တနင်္ဂနွေထောင့်တွင် တည်ရှိသော နိစ္စသုခစံကျောင်း၌ မိုးညိုဆရာတော်က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၀နာရီအထိ ပါဠိတော်နှင့်အညီ နားလည်လွယ်အောင် သင်ကြားပို့ချပေးနေရာ မည်သူမဆို တက်ရောက်လေ့လာသင်ယူနိုင်ကြောင်း သိရသည်။

**(က-ပ)**

# မဟာစည်သာသနာ့ရိပ်သာကြီး (၅၇)ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မဟာစည်ဆရာတော်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာကြီး၌ ၁၃၁၁ခုနှစ် နတ်တော်လပြည့်နေ့တွင် ရဟန်း၊ ရှင်၊ လူ၊ ယောဂီအပေါင်းတို့အား သတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားတော်ကို စတင်၍ပြသတော်မူခဲ့ရာ ၁၃၆၈ ခုနှစ် နတ်တော်လပြည့်နေ့တွင် (၅၇) နှစ် ပြည့်ခဲ့သည်။

ထို့ကြောင့် (၅၇)ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲကို ၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်မှ ၁၄ ရက်အထိ (၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက် အထိ) မဟာစည်သာသနာ့ရိပ်သာကြီးရှိ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ မဟာစည်သာသနာ့ရိပ်သာခွဲများမှ ဆရာတော်၊ သံဃာတော်များ၊ အမှုဆောင်များ၊ ယောဂီများ အချိန်မီကြွရောက်ကြပါရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ဖိတ်စာများပေးပို့၍ ဖိတ်ကြားထားကြောင်း သိရသည်။

**(က-ပ)**

# သံဃာတော်များသီးသန့် တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဏ္ဍူ ဓမ္မရိပ်သာတွင် လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် သံဃာတော်များသီးသန့် ခုနစ်ရက်တရားစခန်းကို နိုဝင်ဘာ၂၆ရက်မှ ဒီဇင်ဘာ၄ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စခန်းဝင်ရောက်လိုသော သံဃာတော် အရှင်သူမြတ်များသည် နိုဝင်ဘာ၂၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

တရားစခန်းဝင် သံဃာတော်များအတွက် အရုဏ်ဆွမ်း ကျပ်ငွေ၂၅၀၀၀၊ နေ့ဆွမ်း ကျပ်ငွေ၄၀၀၀၀၊ ဖျော်ရည် ကျပ်ငွေ၅၀၀၀၊ တစ်နေ့တာ ကျပ်ငွေ ၇၀၀၀၀ဖြင့် ဖုန်း-၆၆၃၈၀၂သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးအကြိုညှိနှိုင်း ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပခုက္ကူမြို့သို့ကွင်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပခုက္ကူမြို့၌ ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းအကြိုညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပလျက်ရှိရာ စက်တင်ဘာ၃၀ရက်တွင် မကွေးတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများအား ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး(ဗဟို)မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာကံဦးက လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း၊ အောက်တိုဘာ ၄ရက်တွင် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး(ဗဟို)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကံဦး၊ မကွေးတိုင်း ခုခံကျ/ကာလသား ဆရာဝန်ကြီး ဒေါက်တာမြင့်အောင်၊ ပခုက္ကူမြို့ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မောင်ထွေး၊ မကွေးတိုင်း တီဘီရောဂါနှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာမြင့်စန်း၊ မြို့နယ်တီဘီရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာပီတာနေဝင်းနှင့် မြို့နယ်သူနာပြုအသင်းမှ ဒေါ်ညွန့်ညွန့်တို့က ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

## ရှင်းလင်းပြောကြား

အောက်တိုဘာ၅ရက်တွင် ကျင်းပခဲ့သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းစီမံချက်ညှိနှိုင်းပွဲအခမ်းအနားသို့ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအောင်ဝင်း၊ ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး(ဗဟို)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းသွယ်၊ ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပခုက္ကူခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့်ပခုက္ကူမြို့နယ်သူနာပြုအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်၍ ရှင်းလင်းပြောကြားကြသည်။

အောက်တိုဘာ ၅ ရက်တွင် မကွေးတိုင်းကျန်းမာရေးဦးစီးဌာနမှူး ပခုက္ကူခရိုင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ အမှတ် (၁၁)ရပ်ကွက်နှင့် ရပ်ကွက်အမှတ် (၁၅) ရပ်ကွက်တို့သို့ ကွင်းဆင်းသွား ရောက်ပြီး နာတာရှည်ရောဂါဝေဒနာရှင် ၂၀ တို့အား အိမ်တိုင်ရာရောက် တွေ့ဆုံအားပေးကာ လိုအပ်သောဆေးဝါးများနှင့် အစားအသောက်များကို ကူညီထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် အခြားရပ်ကွက်နှစ်ကွက်သို့ တိုးချဲ့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် မြို့ပေါ် ရပ်ကွက်အားလုံးသို့ လွှမ်းခြုံပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

## လုပ်ငန်းညှိနှိုင်းဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာနသည် လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၁၃)ရပ်ကွက်နှင့် အမှတ်(၁၄)ရပ်ကွက်တို့တွင် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါ လူနာများ၊ မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ရက်တွင် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါလူနာများ၊ မိသားစုများအတွက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရေရှည်တည်တံ့စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများကို အသေးစိတ်ညှိနှိုင်း ဆုံးဖြတ်ခဲ့ကြသည်။

## စနစ်တကျပြုစု

အောက်တိုဘာ ၂၇ ရက်တွင် မကွေးတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းနှင့် ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းထွန်းတို့ဦးစီးသော ကျန်းမာရေးဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပခုက္ကူမြို့နယ်အတွင်းရှိ အမှတ်(၁၃)ရပ်ကွက်နှင့် အမှတ်(၁၄)ရပ်ကွက်တို့သို့ ကွင်းဆင်းကာ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များမှ လူနာများအား ဆေးရုံ၊ ဆေးခန်းသို့ ညွှန်ပို့ပေးခြင်း၊ ဆေးဝါးနှင့်အစားအသောက်များ ကူညီထောက်ပံ့ပေးခြင်း၊ မိသားစုများက ဝေဒနာရှင်များအား စနစ်တကျပြုစုစောင့်ရှောက်တတ်စေရန် လက်တွေ့ဆေးထည့်ပေးခြင်း၊ လူနာများက အကျိုးရှိစွာ နေထိုင်တတ်စေရန်နှင့် ထပ်ဆင့် ရောဂါများကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နေထိုင်တတ်စေရန် ပညာပေးခြင်း၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများကို ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နွားနို့သည် ကလေးငယ်များအတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနိုင်

နွားနို့သည် ကလေးများအတွက် ဓာတ်မတဲ့သည့်အခါ ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများဖြစ်ပေါ်မှုမရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ စစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

## ထောက်ခံ

သို့သော်လည်း ကလေးငယ်များ နွားနို့သောက်သုံးခြင်းကြောင့် ကိုယ်ရေပြားယားယံခြင်းနှင့် အခြားရောဂါများဖြစ်ပွားတတ်ကြောင်း ဆရာဝန် ၅၀၀တို့အား မေးမြန်းသုတေသနပြုချက်သစ်တစ်ရပ်၌ ဖော်ပြရာတွင်ရာခိုင်နှုန်း ၈၀ ဆရာဝန်များက ထောက်ခံခဲ့ကြသည်ဟုဆိုသည်။

## သုတေသနပြု

အဆိုပါသုတေသနပြုချက်အသစ်၌ နွားနို့သောက်ခြင်းကြောင့် ကလေးငယ်များ ဝမ်းပျက်ရောဂါနှင့်ကိုယ်ရေပြားယားယံခြင်းတို့ဖြစ်တတ်ကြကြောင်း ဖော်ပြထားသည်။ နွားနို့တွင် အာဟာရပြည့်ဝသော ဓာတ်ပစ္စည်းများ ပါသည်ဖြစ်သော်လည်း အချို့သောဓာတ်ပစ္စည်းများက အကျိုးပြုမှုမရှိကြောင်းလည်း ယင်းသုတေသနပြုချက်အသစ်တွင် ပါရှိသည်။

## ပြဿနာ

နွားနို့အပြင် ဆိတ်နို့နှင့် သိုးနို့များတွင်လည်းအတူတူဖြစ်ကြောင်း၊ တစ်ခါတစ်ရံ ကိုယ်ရေပြားတွင် အနာရောဂါဖြစ်ပွားတတ်လေ့ရှိ ကြောင်း၊ ဗြိတိန်နိုင်ငံတွင် ကလေးငယ်၁၀၀၀၀ခန့်မှာ အဆိုပါပြဿနာများနှင့် ကြုံတွေ့ရလျက်ရှိကြောင်း ဗြိတိန်နိုင်ငံ ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူဂျူဒစ်မိုရေးက ပြောကြားသည်။

**(ကိုးကား-အင်တာနက်)**





# အညိုရောင်ချောကလက်နေ့စဉ်စားသုံးခြင်း သွေးပျစ်ခြင်းနှင့်သွေးတိုးနှုန်းများကျဆင်းနိုင်

အညိုရောင်နှင့် အညိုရင့်ရောင်ရှိသော ချောကလက်များကို နေ့စဉ် ပမာဏအနည်းငယ် စားသုံးသွားပါက ကိုယ်ခန္ဓာအတွင်း သွေးပျစ်ခြင်း၊ သွေးကြောပိတ်ခြင်းတို့ကို မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

## သွေးလည်ပတ်မှု

အမေရိကန်သုတေသနပညာရှင်များအနေဖြင့် ချောကလက်စားသုံးသူ ၁၃၉ဦးတို့အား စနစ်တကျလေ့လာသုတေသနပြုခဲ့ရာ နေ့စဉ်အလေ့အကျင့်ကဲ့သို့ ချောကလက်စားသုံးသူများသည် သွေးပျစ်ခြင်း၊ သွေးကြောပိတ်ခြင်းနှင့် သွေးလှည့်ပတ်မှုနှင့် ပတ်သက်သော ရောဂါများမဖြစ်ပွားကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

## အကျိုးရှိ

ယခင်သုတေသနပြုချက်များအရ ချောကလက်အနည်းငယ် နေ့စဉ်စားသုံးခြင်းသည် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်ကြောင်း သိရှိခဲ့ရသည်။ ချောကလက်အနည်းငယ်စားခြင်းသည် အက်စပရင်ဆေး သောက်ခြင်းကဲ့သို့ အကျိုးရှိကြောင်းလည်း ဂျွန်ဟော့ကင်စ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့အပြင် ချောကလက်စားခြင်းသည် သွေးတိုးမှုကိုကျဆင်းစေပြီး သွေးနှင့်ပတ်သက်သောရောဂါများဖြစ်ပွားမှုကိုလည်း လျော့ကျစေကြောင်း၊ ချောကလက်များတွင်လည်း အညိုရောင်ချောကလက်နှင့် အညိုရင့်ရောင် ချောကလက်များက ပိုအကျိုးပြုကြောင်း ၎င်းတို့ကပြောကြားသည်။

**(ကိုးကား-အင်တာနက်)**

**အင်တာနက် သတင်းနှင့်ဓာတ်ပုံ**

# ပြည်သူများ ပျော်ရွှင်ရယ်မော သဘောကျစေမည့် မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲ

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ – သိန်းဝင်းလေး(မြန်မာ့အလင်း)



**"နိုဝင်ဘာ ၂၃ ရက်မှာ အထူးပွဲ ပြမယ်၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်မယ်"** ဦးမြင့်သိန်းဖေ ဒုတိယဉက္ကဌ(၂) မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဓာတ်ပုံ–သိန်းဝင်းလေး)

မြန်မာ့ရုပ်ရှင် သက်ကြီး ရန်ပုံငွေ ပဒေသာကပွဲကြီးကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ သုံးရက်တိုင် ကပြ ဖျော်ဖြေတော့မည်ဖြစ်သည်။ ထို ပဒေသာကပွဲကြီးအောင်မြင်စွာ ကပြဖျော်ဖြေနိုင်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အနုပညာ ရှင်တို့လည်း မနားမနေကြိုးစား လျက်ရှိနေပြီ ဖြစ်သည်။

ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ သွားရောက်ကာ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဉက္ကဌ –၂ ဖြစ်သူ ဦးမြင့်သိန်းဖေနှင့် ဓာတ်တိုက်နေကြသော အနုပညာရှင်အချို့နှင့်ဒါရိုက်တာများအား တွေ့ဆုံမေးမြန်းခဲ့သည်။

## ရန်ပုံငွေ

ပထမဦးစွာ ဦးမြင့်သိန်းဖေအား ပဒေသာကပွဲကြီးကျင်းပရမှုနှင့် တာဝန်ယူ ဆောင်ရွက်နေမှုကို မေးမြန်းရာ "ရုပ်ရှင်သက်ကြီးတွေအတွက် ရန်ပုံငွေပွဲပါ၊ ရန်ကုန်မြို့ မြို့မကျောင်းလမ်း၊ အမျိုးသား ကဇာတ်ရုံမှာ ကကြမယ်။ နိုဝင်ဘာ၂၄၊၂၅၊၂၆ရက်တွေမှာ ပြည်သူတွေကို ကပြဖျော်ဖြေမယ်။ နိုဝင်ဘာ ၂၃ ရက်မှာ အထူးပွဲကပြမယ်။ အဲဒီမှာ လူကြီးတွေရဲ့ လမ်းညွှန်မှုတွေ ထပ်ဖြည့်ပြင်ဆင်ပြီး နောက်နေ့မှာ ကမှာပါ၊ ဒီပွဲမှာ ဖိတ်ကြားရေး ဥက္ကဌ အနေနဲ့ တာဝန်ယူ ဆောင်ရွက်ရတယ်ဆိုတော့ တာဝန်ရှိပုဂ္ဂိုလ်တွေ ဌာနဆိုင်ရာ အကြီးအကဲတွေ၊ ရုပ်ရှင်လောကသားတွေ၊ ရုပ်ရှင်နဲ့ ဗီဒီယိုဆင်ဆာ အဖွဲ့တွေ၊ အားလုံးပြည့်ပြည့်စုံစုံ ဖိတ်ကြားထားပါတယ်။ ပြန်ကြားရေးဝန်ကြီးကလည်း ပံ့ပိုးပေးပြီး ရုပ်ရှင်လုပ်ငန်းကလည်း ကူညီပေးပါတယ်။ သက်ဆိုင်ရာ ဌာနတွေကလဲ ဖြည့်ဆည်းပေးကြတဲ့အတွက် အခက်အခဲ မရှိပါဘူး" ဟု ပဒေသာကပွဲအတွက် ဖိတ်စာများ ပြင်ဆင်ရင်း မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။



**"ကြည့်သူတွေ ပျော်ရမယ်၊ ရယ်ရမယ်၊ စိတ်ကြည်နူးစေရမယ်"** ဒါရိုက်တာမောင်သီ (ဓာတ်ပုံ–သိန်းဝင်းလေး)

## ဟာသပြဇာတ်

ထို့နောက် "လူဖြစ်ရတာ မလွယ်ပါလား" ပြဇာတ်ဒါရိုက်တာညွန့်မြန်မာ ညီညီအောင်အား ပြဇာတ်တိုက်မှု ခေတ္တနားချိန်၌ မေးမြန်းရာ "ဒီပြဇာတ်က ၄၅ မိနစ်လောက်ဘဲ ကြာမယ့် ပြဇာတ်ပါ၊ ဟာသအဖြစ် စိတ်ပျော်ရွှင်အောင်၊ ဒီပြဇာတ်ကိုကြည့်ပြီး ပင်ပန်းနေတာတွေ၊ စိတ်ညစ်နေတာတွေ ပျောက်သွားအောင် ဖြည့်ဆည်းပေးမယ့် ဟာသပြဇာတ်ပါ၊ ကြည့်သူတွေ ပျော်သွားစေရမယ်"ဟု ဒါရိုက်တာညွန့်မြန်မာ ညီညီအောင်က ပြောကြားသည်။ ကိုယ်တိုင်ကြမ်းပြင်တွင်ထိုင်ကာ စိတ်ပါလက်ပါ သရုပ်ဆောင်များနှင့်အတူ ခြေဟန်လက်ဟန်များ ပြသနေသော ဒါရိုက်တာ တစ်ဦးပင်ဖြစ်သည်။

## မော့စ်

တစ်ဖန် ကုလားထိုင်ပေါ်တွင် ထိုင်ကာ မင်းမောင်းဖြင့် သရုပ်ဆောင်နေသော မော့စ်အား ပါဝင်သရုပ်ဆောင်မှုနှင့် ပတ်သက်၍ မေးမြန်းရာ "ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်ရဲ့ လူဖြစ်ရတာမလွယ်ပါလား"ပြဇာတ်မှာ ယမမင်းကြီးလုပ်ရတာပါ၊အခုလို စည်းစည်းလုံးလုံးနဲ့ စုပေါင်းသရုပ် ဆောင်ရတော့ အရမ်းပျော်ပါတယ်၊ ကိုယ့်အနုပညာနဲ့ သက်ကြီးတွေကို ပူဇော်ခွင့်ရတာကိုက ထူးတဲ့ကုသိုလ် မဟုတ်လား " ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။



**"ကျွန်တော် ဒီပြဇာတ်မှာ ယမမင်းကြီး လုပ်ရတယ်"** သရုပ်ဆောင်မော့စ် (ဓာတ်ပုံ–သိန်းဝင်းလေး)

## ဆုပန်ထွာ

ထို့နောက် သရုပ်ဆောင် ဆုပန်ထွာကလည်း "လူဖြစ်ရတာမလွယ်ပါလား ပြဇာတ်မှာ နေတိုးရဲ့ ချစ်သူအဖြစ် သရုပ်ဆောင်ရတယ်။ ကောင်းကင်မှာ ရေတက်၊ မြေကြီးမှာ လထွက်ဆိုတဲ့ စကားတွေကိုပြောတတ်တဲ့ နေတိုးရဲ့ ချစ်သူအဖြစ် သရုပ်ဆောင်ရတာပါ၊ အခုပြဇာတ်ကို စိတ်ထဲ အလေးအနက်ထားပြီးကတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ အသက်အရွယ် ကြီးရင့်လာတဲ့ အနုပညာသည်ကြီးတွေကို ကြည့်ပြီး အရမ်းသနားတယ်။ ကိုယ့်မိဘတွေကို ကျေးဇူးဆပ်တဲ့သဘောမျိုးနဲ့ ကုသိုလ်ယူတဲ့ပွဲပါပဲ"ဟု ဖြေကြားသွားသည်။



**"စင်ကာပူမှာ ဖန်ပြွန်သန္ဓေသား နည်းနဲ့ သားသမီးယူဖို့ ကြိုးစားတဲ့ အမျိုးသမီးအဖြစ် ပါဝင်ပါတယ်"** သရုပ်ဆောင် ခင်မို့မို့အေး (ဓာတ်ပုံ–သိန်းဝင်းလေး)



**"ကုသိုလ်ရေး ဆိုတော့လည်း ပြေးလာရတာပါပဲ"** သရုပ်ဆောင် နန္ဒာလှိုင် (ဓာတ်ပုံ–သိန်းဝင်းလေး)

## နေတိုး

ပြဇာတ်ခန်းတွင် သရုပ်ဆောင်ရန် ပြင်ဆင်နေသော နေတိုးကလည်း "ပြဇာတ်ကို ပထမဆုံး ကဖူးတာပါ၊ အနုပညာသမားဆိုတော့ ဘယ်လိုနေရာမှာ ဖြစ်ဖြစ် သရုပ်ဆောင်နေရရင် ပျော်နေ ကျေနပ်နေတာပါပဲ၊ လူဖြစ်ရတာ မလွယ်ပါလား ပြဇာတ်မှာ ဆုပန်ထွာရဲ့ ချစ်သူအဖြစ် သရုပ်ဆောင်ရတာပါ၊ ဟာသပြဇာတ်ဆိုတော့ လွတ်လွတ်လပ်လပ်နဲ့ သရုပ်ဆောင်ထားတယ်။ ဒီပြဇာတ်ကရတဲ့အတွက်အရမ်းကျေနပ်တယ်"ဟု နေတိုးက ပွင့်လင်းစွာပြောကြားသွားသည်။





**"ပြဇာတ်ကို ပထမဆုံးအကြိမ်အဖြစ် ကပြဖူးတာပါ၊ နည်းနည်းတော့ စိတ်လှုပ်ရှားတယ်"** သရုပ်ဆောင် နေတိုး (ဓာတ်ပုံ–သိန်းဝင်းလေး)

**"နေတိုးရဲ့ ချစ်သူအဖြစ် သရုပ်ဆောင်ထားပါတယ်"** သရုပ်ဆောင် ဆုပန်ထွာ (ဓာတ်ပုံ–သိန်းဝင်းလေး)

## ခင်မို့မို့အေး

ထို့နောက် သရုပ်ဆောင် ခင်မို့မို့အေးကလည်း "ဒီပြဇာတ်မှာ ထွန်းထွန်းဝင်းနဲ့လင်မယားအခန်းကသရုပ်ဆောင်ရတယ်။ ခေတ်ဆန်တဲ့၊ သားသမီး မရနိုင်တဲ့ လင်မယားပေါ့၊ စင်ကာပူသွားပြီး ဖန်ပြွန်သန္ဓေသားနဲ့ ကလေးယူဖို့ ကြိုးစားတယ်။ အဲဒီအခန်းတွေမှာ သရုပ်ဆောင်ထားတယ်။ ပျော်ပျော်ပါးပါးနဲ့ သရုပ်ဆောင်ရတော့ စိတ်ထဲလွတ်လပ်တယ်။ ပြီးတော့ မွန်မြတ်တဲ့ ကုသိုလ်ပွဲလေ"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

တက်ညီလက်ညီဖြင့် ပြဇာတ်တိုက်နေသော ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နှင့် အဖွဲ့ကို နှုတ်ဆက်ကာ ရုပ်ရှင်အစည်းအရုံး ခန်းမဆောင်ကြီးအတွင်း ပြဇာတ်တိုက်နေသော ဒါရိုက်တာ မောင်သီနှင့်အဖွဲ့ထံ ရောက်ရှိခဲ့သည်။

## ဒါရိုက်တာမောင်သီ

ဒါရိုက်တာမောင်သီအား ပြဇာတ်နဲ့ ပတ်သက်၍ မေးမြန်းရာ "ကျွန်တော့် ပြဇာတ်နာမည်က သုံးဖုံတစ်ဖုံ လို့ အမည်ပေးထားပါတယ်။အချိန်တစ်နာရီကြာကမယ့် ပြဇာတ်ပါ၊ သရုပ်ဆောင် ၁၂ဦး ပါတယ်၊ ဇာတ်လမ်းကော ဇာတ်ညွှန်းပါ ကျွန်တော် မောင်ငယ်ရင်သွေး အနေနဲ့ ရေးထားခြင်း ဖြစ်ပါတယ်၊ ဟာသဇာတ်မြူးပါ၊ လွင်မိုး ဘုရားရှိခိုးဆုတောင်းနေတဲ့အချိန်မှာ ပုဂ္ဂိုလ်တစ်ဦးက ဗုံလေးသုံး ဗုံပေးပြီး ကျားဗုံကိုတီးရင် ယောကျ်ားတွေချည်းပဲနေတဲ့ ဘုံကိုရောက်၊ မဗုံတီးရင် အမျိုးသမီးတွေ ချည်းပဲနေတဲ့ ဘုံကိုရောက်ပြီး ကျားနဲ့ မဗုံတီးရင် ယောကျ်ားမဟုတ် မိန်းမ မဟုတ်တဲ့ ဘုံကိုရောက်ရတဲ့ ဇာတ်လမ်းလေးပါ၊ ပျော်ရမယ်၊ ရယ်ရမယ်"ဟု ဒါရိုက်တာမောင်သီက ရှင်းပြသည်။

## နန္ဒာလှိုင်

တစ်ဖန်ပြဇာတ်တိုက်ပြီး ခေတ္တနားနေသော သရုပ်ဆောင်နန္ဒာလှိုင်အား ပါဝင်သရုပ်ဆောင်မှုကို မေးမြန်းရာ "မဘုံမှာရှိနေတဲ့ အမျိုးသမီးတစ်ဦး အနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်၊ အမျိုးသားတွေမရှိတဲ့ အမျိုးသမီးတွေချည်းရှိတဲ့ဘုံပါ၊ ဟာသပြဇာတ်ကရတာဆိုတော့ ပျော်ရ ရယ်ရတယ်၊ ကြည့်တဲ့သူတွေလဲ ရယ်ရမှာ သေချာပါတယ်၊ ရုပ်ရှင်အစည်း အရုံးမှာ ဒီအကြိမ်က ဒုတိယအကြိမ် ပြဇာတ်က ဖြစ်တာပါ၊ အခု နန္ဒာအနေနဲ့ လှိုင်ရုပ်ရှင် ထုတ်လုပ်ရေးက 'ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ' ဆိုတဲ့ ဇာတ်ကားရိုက်နေတယ်။ ကုသိုလ်ရေးဆိုတော့ ပြေးလာရတာပဲ စိတ်ထဲကြည်နူးရပါတယ်"ဟု နန္ဒာလှိုင်က ပြောကြားသွားသည်။

## ဇေလဝ

ထို့နောက် သရုပ်ဆောင် ဇေလဝကလည်း "ဒါရိုက်တာမောင်သီရဲ့ သုံးဖုံတစ်ဖုံပြဇာတ်မှာ ကျားဘုံမှာ အရမ်းဆင်းရဲတဲ့ အမျိုးသားတစ်ဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားထားတော့ အရမ်းရယ်စရာကောင်းတာ တွေ့ရပါလိမ့်မယ်။ အနုပညာသက်တမ်းက နှစ် ၂၀ ကျော်ပြီဆိုတော့ ဒီပြဇာတ်ဟာ သက်ကြီးအနုပညာရှင်တွေအတွက်ကို ကျွန်တော့်ဘဝမှာ အလှူမှတ်တိုင်စိုက်ထူနိုင်တဲ့ပွဲပါပဲ" ဟု ဇေလဝက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"သုံးဖုံတစ်ဖုံ" ပြဇာတ်တွင် ပါဝင်သည့် သရုပ်ဆောင် ကင်းကောင်ကလည်း "ကျားဘုံမှာ ရောက်နေတဲ့ အရက်သမားတစ်ဦးအဖြစ်သရုပ်ဆောင်ရတာပါ၊ ပြဇာတ်ကတာ ရုပ်ရှင်အစည်းအရုံးမှာတော့ ပထမဆုံးပါပဲ၊ ဒီပွဲကရတာ ကိုယ့်မိဘတွေကို ကန်တော့ရတာမျိုး ခံစားရပါတယ်။ တစ်ချိန်မှာ ကျွန်တော်တို့လဲ ဒီဘဝ ရောက်ကြရမှာဆိုတော့ လေးလေးနက်နက် စိတ်ထားပြီး သရုပ်ဆောင်ထားပါတယ်။ ကြည့်တဲ့ ပြည်သူတွေ ပျော်ရွှင်ကျေနပ်ကြမှာပါ"ဟု ပြောကြားသွားသည်။

## အကောင်းဆုံး

မြန်မာ့ရုပ်ရှင်သက်ကြီး ရန်ပုံငွေ ပဒေသာကပွဲကြီးကား မကြာမီ ကပြတော့မည်။ သရုပ်ဆောင်များ၊ ဒါရိုက်တာများကလည်း အကောင်းဆုံးဖြစ်အောင် အပြိုင်အဆိုင် ကြိုးစားနေကြပြီဖြစ်ရာ ပြည်သူများစိတ်ချမ်းမြေ့ ပျော်ရွှင်ရယ်မောဖွယ်ရာ ကြည့်ရှုခံစားရတော့မည်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်းသတင်းစကား ပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်၏ "လူဖြစ်ရတာ မလွယ်ပါလား" ပြဇာတ်ကို ဤသို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေကြသည်။** (ဓာတ်ပုံ–သိန်းဝင်းလေး)





**"ဒီပွဲဟာ ကိုယ့်မိဘတွေကို ကန်တော့ရတာမျိုးခံစားရပါတယ်"** သရုပ်ဆောင် ကင်းကောင် (ဓာတ်ပုံ–သိန်းဝင်းလေး)



**"ကျွန်တော့်ဘဝမှာ ထူးခြားတဲ့ အလှူမှတ်တိုင် တစ်ခုပါပဲ"** သရုပ်ဆောင် ဇေလဝ (ဓာတ်ပုံ–သိန်းဝင်းလေး)

■ *ကျောဖုံးမှ*

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်အတူ လိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ပြန်လည်နှုတ်ဆက်**

အလားတူ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်ကလည်း ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

**(သတင်းစဉ်)**

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ် (၁၂)ဖြန့်ချိ



**ရန်ကုန် နိုဝင်ဘာ ၂၁**

စိမ်းလဲ့ရွှေပြည်အတွဲ(၃)၊ အမှတ်(၁၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** ယခုတစ်ပတ်ဂျာနယ်တွင်ခင်မောင်တင်(ဝဲလောင်)ရဲ့"သူ့ကျွန်မခံ မျိုးချစ်ခေါင်းဆောင်"၊ ဗိုလ်ရာညွန့်နှင့် "ယနေ့ ဝဲလောင်စံပြကျေးရွာ ပြောင်းလဲတိုးတက်မှုများ"၊ ဆရာသာဂဒိုးရဲ့ "နှာခေါင်းရောဂါကုန်ကျမှု သက်သာစွာ"၊ သီရိခေတ်ရဲ့ "မိုးပေါ်ကကြယ်အကြောင်းတစေ့တစောင်း"၊ မြင်းခြံကျော်အောင်ရဲ့"မူးလျှိုးပဲလျှိုးငဖြိုးကျွန်ဖြစ်"၊ ဟိန်းလတ်ရဲ့ "စားတတ်မှကျန်းမာသက်ရှည်"၊ ဖိုးထွေး(စိုက်ပျိုးရေး)ရဲ့ "စိုက်ပျိုးရေးဆိုင်ရာ ဇီဇပြုပြင်နည်း"၊ မော်ကျွန်းစိုးမြင့်ရဲ့ "မြန်မာနိုင်ငံတွင် လိပ်ကျွန်းလိပ်သောင် ၁၅ခု ထိန်းသိမ်းလျက်ရှိ၊ ပင်လယ်ပြင် တစ်သန်းကျော်လွှတ်ခဲ့ပြီးဖြစ်တဲ့ သက်တမ်းရှည်ကြာသက်ရှိ ရတနာပင်လယ်လိပ်မျိုးထိန်းသိမ်းပါ" ဆောင်းပါး၊ ဂေါက်သီးများအတွင်းမှ ဘိန်းဖြူ ၉၀၈ သိန်းဖိုးခန့် ဖမ်းဆီးရမိ၊ အသိပေါင်းတိုက်တဲ့ လက်ဖက်ရည်တစ်ခွက်သောက်မိသူ၊ ရုပ်ရှင်ဆန်ဆန်လိမ်ကွက်အပါအဝင် သတင်းထောက်ခင်မောင်ညွန့်ရဲ့"မှုခင်းသတင်းများ"အပြင် ဘု(ရှ်)ရဲ့ ရီပတ်ပလီကင်ပါတီရှုံးနိမ့်ရခြင်းအကြောင်း၊ သေဒဏ်ကျခံရတော့မည့် ဆက်ဒမ်ဟူစိန်၊ ဘဂ္ဂဒက်မြို့တော်ကို ဖျက်ဆီးနေသည့် မရဏတပ်ဖွဲ့များအစရှိတဲ့ မောင်မြားရဲ့ "လက်ရှိမျက်မှောက်ရေးရာ နိုင်ငံတကာ သတင်းများ"အပါအဝင် ပြည်တွင်းသတင်းဦးသတင်းထူးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

**ဆက်သွယ်နိုင်**

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ်က စာမူရှင်များအား ဖိတ်ခေါ်ထားပြီး စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း–၃၈၂၀၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ အရှေ့ရန်ကင်း ရန်ကင်းမြို့နယ် တိုက်(၂၆၉)၊ အခန်း (၁၁)နေ ဦးကျော်မြင့်–ဒေါ်နှင်းနှင်းခိုင်၊ သား မောင်ဟန်ထူးဇော်၊ မောင်ထက်အောင်လှိုင် မိသားစုက ကျောင်းမြေအတွက် ကျပ်နှစ်သိန်းတိတိနှင့် ကျောင်းအုတ်တံတိုင်း နှစ်ခန်းအတွက် ငွေကျပ်သုံးသိန်းနှစ်သောင်းငါးထောင် စုစုပေါင်း အလှူငွေ ငါးသိန်းနှစ်သောင်း ငါးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်–ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က–ပ)





## ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

**ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff တို့ နေပြည်တော် လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)



**ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff တို့ နေပြည်တော်လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

## အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် ဒီဇင်ဘာဒုတိယပတ်အတွင်း ပျော်ပွဲ ရွှင်ပွဲများစွာဖြင့် ဖွင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် ဖိုးကျားဆင်စခန်းသို့ ရောက်ရှိပြီး ရှေးဦးစွာ ဆင်များ စွမ်းရည်ပြသမှုကို ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးက ဆင်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**လေ့လာ**

အဆိုပါ ဖိုးကျားဆင်စခန်းကို နိုင်ငံခြားသားများ လာရောက်တည်းခိုအနားယူလျက်ရှိပြီး ဆင်အလှပြသမှုပြကွက်များနှင့် မြန်မာ့သဘာဝကျွန်းတောကြီးများပေါက်ရောက်ရှင်သန်နေမှုကို တောလမ်းခရီးတစ်လျှောက် ဆင်စီးကြည့်ရှု လေ့လာကြကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် စိုင်ရသစ်တောကြိုးဝိုင်းအတွင်း ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း ကျွန်းအထူးစိုက်ခင်းကေ၁၀၀၀သို့ရောက်ရှိပြီး ဝန်ကြီးက စိုင်ရကြိုးဝိုင်းအတွင်း စိုက်ခင်းများကို စံပြစိုက်ခင်းများဖြစ်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သစ်တောစိုက်ခင်းအတွင်း ကျွန်းပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၀) သစ်စက် သာဂရသို့ သွားရောက်ပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) သို့ ရောက်ရှိရာ တည်ဆောက်ရေး ရှင်းလင်းဆောင်၌ ဗိုလ်မှူးခင်မောင်ရီက အထိမ်းအမှတ်အဆောက်အအုံများဆောက်လုပ်ပြီးစီးမှု၊ ရေ၊ မီးသွယ်တန်းပြီးစီးမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ထပ်မံဆောင်ရွက်ရန်လိုအပ်သည်များကိုမှာကြားပြီး အမျိုးသား အထိမ်းအမှတ် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ရောက်ရှိပြီး (၇၅)နှစ် မြောက် စိန်ရတု အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရန် ပြင်ဆင်နေမှု၊ ပန်းပွဲတော်ကျင်းပရန်ဆောင်ရွက်ထားရှိမှု၊ ဓာတ်ပုံပြပွဲကျင်းပမည့်နေရာ၊ သစ်ခွဥယျာဉ် တည်ဆောက်လျက်ရှိသည့်နေရာတို့ကို ကြည့်ရှုကြသည်။

**ငါးရက်တိုင်**

ပြင်ဦးလွင်မြို့၌ ဒီဇင်ဘာလဒုတိယအပတ်အတွင်း အမျိုးသား အထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲ အခမ်းအနား၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် (၇၅) နှစ်ပြည့် စိန်ရတု အထိမ်းအမှတ် အခမ်းအနားနှင့် ပန်းပွဲတော်တို့ကို ပျော်ပွဲ ရွှင်ပွဲများစွာဖြင့် ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား Fritz Werner ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဂျာမနီနိုင်ငံ Fritz Werner ကုမ္ပဏီမှ President, Mr. Werner Schoeltzke ဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဂျာမနီနိုင်ငံ Fritz Werner ကုမ္ပဏီမှ President, Mr. Werner Schoeltzke ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

22-11 (07) 1 11/22/06, 2:12 PM

# နိုင်ငံတော်၏ အဓိကအားထားရသည့် တိုင်းဖြစ်သည်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ရှိပြီး သဘာဝအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များ ပေါင်းစပ်ကြိုးပမ်းလုပ်ကိုင် ပန်းတိုင်အထွက်နှုန်းရရှိရေး ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုဝင်ဘာ ၁၉ ရက်နံနက် ၈နာရီခွဲက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဧရာဝတီတိုင်း၏ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများ၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုစွမ်းဆောင်ရည်ဆုရရှိကြသူများနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ၌ ဆုရရှိကြသူများအား ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားတွင် ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေ အနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း အမှာစကားပြောကြားသည်။

## ချီးမြှင့်အသိအမှတ်ပြု

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိ လူဦးရေ ၅၅ သန်းကျော်တွင် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသမှာ နေထိုင်ကြပြီး အများစုသည် လယ်ယာ၊ သားငါး၊ သစ်တောဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆက်စပ် လုပ်ကိုင်နေကြ ခြင်းကြောင့် စီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန် နိုင်ငံတော်က ဖန်တီးဖော်ဆောင်လျက်ရှိပါကြောင်း။

## စီမံဆောင်ရွက်

နိုင်ငံတော်၏ နယ်စပ်ဒေသ အစွန်အဖျားများအထိ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှ ဧရာဝတီတိုင်းအတွင်း၌လည်း စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းစဉ် (၅) ရပ်ချမှတ် အကောင်အထည်ဖော်လျက် ရှိသကဲ့သို့ ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဒေသကြီး၂၄ခု သတ်မှတ်ပြီး မြို့ကြီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရာ ဧရာဝတီတိုင်းအနေနှင့် ပုသိမ်၊ဟင်္သာတနှင့် မအူပင်ဒေသများကို တိုးတက်အောင် တည်ဆောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်စေရန် စီမံဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် အဓိက သီးနှံ ၁၀ မျိုးကို လျာထားချက်နှင့် အညီ တိုးချဲ့စိုက်ပျိုးကြရန်နှင့် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တာဝန်ရှိသူများက ဒေသခံတောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုး နည်းစနစ် အသုံးပြုဆောင်ရွက်နိုင်ရေး ကွင်းဆင်းစည်းရုံးဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ စားသုံးမှုအရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးသစ်များ (ဥပမာ-ဆင်းသွယ်လတ်စပါးမျိုးသစ်) ဖော်ထုတ်နိုင်ခဲ့ပြီး ရေမြေတူ၊ သက်တမ်းတူ စပါးမျိုးဟောင်းတွေနေရာတွင် အစားထိုး ပြောင်းလဲ တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ရာ မိုးစပါး ရိတ်သိမ်းချိန်ဖြစ်သည့် ယခုကာလတွင် စပါးမျိုးသစ်ပြောင်းလဲရေးအတွက်မျိုးစပါးဖြည့်တင်းစုဆောင်းသည့် အစီအစဉ်များ စနစ်တကျ ချမှတ်ဆောင်ရွက်ကြရန်အထူးလိုအပ်ကြောင်း။

## တိုးတက်စိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေးကို အားပေးသည့်အပြင် ဧရာဝတီတိုင်းသူတိုင်းသားများ၏ လုံ့လဝီရိယကြောင့် ၁၉၈၈ခုနှစ်က ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှုမှာ ဧက ၃၁သိန်း ကျော်သာရှိခဲ့ရာမှ ယခုအခါ ဧက ၃၇သိန်း စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် မိုးစပါးဧကခြောက်သိန်းနီးပါး တိုးတက်စိုက်ပျိုးနိုင်သည်ကို တွေ့ရကြောင်း။

## ပြုပြင်ထိန်းသိမ်း

နိုင်ငံတော်အကြီးအကဲ၏လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးရေရရှိရေး လမ်းညွှန်ချက်အရ ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၈ ရက်အထိ ဆည်မြောင်းတာတမံနှင့် ရေထိန်း တံခါးစီမံကိန်းပေါင်း ၁၉၀၊ မြစ်ရေတင် စီမံကိန်းပေါင်း ၂၉၈ ခု အကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ သီးနှံရေသွင်း စိုက်ဧကဟာလည်း(ခုနစ်သန်းတစ်သိန်းကျော်) ရရှိလာပြီဖြစ်ပါကြောင်း၊ ရေမြေဒေသအခြေအနေနှင့် လိုအပ်ချက်များအရ ဧရာဝတီတိုင်း ဟင်္သာတခရိုင်တွင် နန်ကသူနှင့် ကွန်ချောင်း ရေလှောင်တမံဖွင့်လှစ်နိုင်ခဲ့ပြီး မမြနှင့် ကညင်ရေလှောင်တမံများ၊ မြစ်ရေတင် စီမံကိန်းများဖြစ်သည့် ငပိဆိပ်၊ ကန်ဇွန်းခုံ၊ မြို့ကွင်း၊ ဗန်းမော်သုံးခွ၊ ကျုံစုတ်နှင့် ဒါးကမြစ်ရေတင်စခန်းများ တည်ဆောက်ပေးလျက်ရှိနေခြင်းကြောင့် လုပ်ငန်းပြီးစီးမှုအရ အကျိုးရှိစေရန် သွင်းရေနှင့် နွေစပါး အပါအဝင် သီးထပ်သီးနှံများအောင်မြင်စွာ စိုက်ပျိုးရေး၊ ရည်မှန်းကာလအတွင်း စံချိန်မီအောင် တည်ဆောက်ရေး၊ ရေဖြန့်ဝေမှုစနစ်မှန်ကန်ရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ဘိုင်အိုဒီဇယ်ဆီထုတ်လုပ် အသုံးပြုနိုင်သည့် ခြ်စည်းရိုးကြက်ဆူကို ဧရာဝတီတိုင်းအနေနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက တစ်သောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ဧက နှစ်သိန်း၊ ၂၀၀၈-၂၀၀၉ခုနှစ်မှာ ဧက ၂ ဒသမ ၉ သိန်း သုံးနှစ် စုစုပေါင်းဧကငါးသိန်း အစီအစဉ် ချမှတ်ထားခြင်းကြောင့် နှစ်အလိုက် ရည်မှန်းလျာထားချက် စိုက်ဧက ပြည့်မီရေးနှင့် ရှင်သန်ပွင့်သီးသည့်ရေိယာပြည့်မီရေးကို အဆင့်ဆင့်က ကဏ္ဍအလိုက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သလို ၂၀၀၇-၂၀၀၈ ခုနှစ် ဧကနှစ်သိန်းအတွက် မျိုးစုဆောင်းရရှိရေးကို ကြိုတင်စီမံပြင်ဆင်ကြရန် အထူးလိုအပ်လှပါကြောင်း။

အမယ်သစ်သီးနှံများကို ဧရာဝတီတိုင်း၏ ရေ၊ မြေဒေသနှင့်ကိုက်ညီသည့် ငရုတ်ကောင်း၊ နှစ်ရှည်သီးနှံများတွင်ပါသည့် ရော်ဘာတို့ကိုလည်း နှစ်စဉ်စီမံကိန်းလျာထားချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

## အရှိန်အဟုန်မြင့်

မြစ်ချောင်းပေါများသည့် ဧရာဝတီတိုင်းအတွင်း၌ နိုင်ငံတော်က လမ်း၊ တံတားတွေ အများဆုံး တည်ဆောက်ပေးနေပြီး မကြာခင်ကာလတွင် ဧရာဝတီတိုင်းရဲ့ ၄၃ စင်းမြောက် တံတားကြီးဖြစ်သည့် ဖျာပုံတံတား ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ အချိန်တိုအတွင်း၌ ဖျာပုံ-ဒေးဒရဲ-ရန်ကုန် ဆက်သွယ်သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း မြို့နယ်ဒေသအချင်းချင်း ကွန်ရက်သဖွယ် သွားလာမှု ပိုမိုလွယ်ကူလာပါကြောင်း၊ ထို့ကြောင့် လယ်ယာသား ငါးထွက်ကုန်များနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်မြင့်မားလာမှာ ဖြစ်ပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေနှင့် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏အဓိက အားထားရသည့် တိုင်းဖြစ်သည်နှင့်အညီ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တည်ရှိပြီး သဘာဝအရင်းအမြစ်များ၊ တည်ရှိပြီး အခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်များနှင့် ပေါင်းစပ်ကာ ကဏ္ဍစုံ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဆင့်ဆင့်သော ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လယ်သမားများ၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ပြည်သူတစ်ရပ်လုံး ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စီးပွားရေးတိုးတက်မှု အကောင်းဆုံး စွမ်းဆောင်နိုင်မှုဆုရရှိသော ခရိုင်နှင့် မြို့နယ်များအား ငွေသားနှင့် ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စွမ်းဆောင်ရည်ဆုများနှင့် အထွေထွေ အရပ်ရပ်ဆိုင်ရာ ဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီးပွားရေး တိုးတက်မှုအကောင်းဆုံး စွမ်းဆောင်နိုင်မှုဆုရ မအူပင်ခရိုင်နှင့်မြို့နယ်အဆင့်တွင် ပထမဆုရ သာပေါင်းမြို့နယ်၊ ဒုတိယဆုရ ညောင်တုန်းမြို့နယ်နှင့် တတိယဆုရ ကျောင်းကုန်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအားငွေသားနှင့် ဒိုင်းဆုများကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ၌ အဋ္ဌမဆု ရရှိသည့် ကျုံပျော်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကောင်းမြတ်သူ၊ ဝိဇ္ဇာဘာသာတွဲ၌ စတုတ္ထဆုရ မြန်အောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်ဆန်းမင်း၊ ဝိဇ္ဇာဘာသာတွဲ၌ ပဉ္စမဆုရ ကျောင်းကုန်းမြို့မှ မောင်အောင်မျိုးဆန်း၊ ဝိဇ္ဇာဘာသာတွဲ၌ အဋ္ဌမဆုရ ဟိုင်းကြီးအခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်မြင့်ထွန်း၊ ဝိဇ္ဇာဘာသာတွဲ၌ နဝမဆုရ အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မအေးမြတ်သူ၊ ဝိဇ္ဇာဘာသာတွဲ၌ ဒသမဆုရ ရေကြည်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မမေမြတ်မွန်တို့အား ငွေသား၊ ကလပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အကောင်းဆုံးစွမ်းဆောင်ရည်ဆုရ မြောင်းမြခရိုင်နှင့် မြို့နယ်ဆု၌ ပထမရရှိသော မြောင်းမြမြို့နယ်၊ ဒုတိယဆုရညောင်တုန်းမြို့နယ်နှင့် တတိယဆုရ ငပုတောမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့အား ငွေသားနှင့် ဒိုင်းဆုများကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲတွင် တိုင်းအဆင့်၌ပထမဆုရ ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်သူ၊ ဒုတိယဆုရ ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်လျှံဖြိုးသူ၊ တတိယဆုရ မအူပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးနောင်နောင်၊ စတုတ္ထဆုရ မြန်အောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်ကောင်းခန့်၊ ပဉ္စမဆုများရရှိကြသည့် ငသိုင်းချောင်း အခြေခံပညာအထက်တန်းကျောင်းမှ မောင်စည်သူထက်၊ ပုသိမ်မြို့ အမှတ် (၂) အခြေခံအထက်တန်းကျောင်းမှ မောင်ထွန်းနောင်လင်းနှင့် ပုသိမ်မြို့ အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်းမှ မဖြိုးမြတ်ဇင်၊ ဆဋ္ဌမဆုရ ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းမင်းသူ၊ သတ္တမဆုရထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မမျိုးအိအိထွန်း၊ အဋ္ဌမဆုရ ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မသန္တာစိုး၊ နဝမဆုရရှိကြသည့် ဓနုဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မသက်ဖြိုးဆွေနှင့် ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖြိုးဝေလင်း၊ ဒသမဆုရ မြောင်းမြမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မမေပြုံးလဲ့ယဉ်တို့အား ငွေသား၊ ကလပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

## ဒိုင်းဆုပေးအပ်

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကြက်လည်လိမ်မျက်စဉ်းကာကွယ်ဆေးပြည့်မီစွာ ထုတ်လုပ်နိုင်မှု စွမ်းဆောင်ရည်ဆုရ ပုသိမ်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒေသရောဂါကာကွယ်ရေး ဓာတ်ခွဲခန်း၊ ဒေသကြက်မွေးမြူရေး တိုးတက်မှုအကောင်းဆုံးမြို့နယ်ဆုရ မော်လမြိုင်ကျွန်းမြို့နယ်တို့အား ငွေသားနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ငါးမွေးမြူသည့်ကုမ္ပဏီများ၏ မွေးမြူထုတ်လုပ်မှု အများဆုံးဆုရ ဖြိုးရောကုမ္ပဏီ၊ ငါးမွေးမြူသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များတွင် ထုတ်လုပ်မှု အများဆုံးဆုရ ပန်းတနော်မြို့နယ်မှ ဦးငြိမ်းမြင့်၊ ရေငန်ပုစွန် သိပ္ပံနည်းကျ မွေးမြူသူများတွင် အကောင်းဆုံး ထုတ်လုပ်နိုင်မှုဆုရ ဧရာဝတီရေလုပ်ငန်းဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ ရေချိုပုစွန်မွေးမြူထုတ်လုပ်မှုတို့အား ဒိုင်းဆုများကိုလည်းကောင်း၊ အကောင်းဆုံးဆုရ အာရှသားကုမ္ပဏီ၊ ငါးပုစွန်ထုတ်လုပ်မှုလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတွင် အမြင့်မားဆုံး မြို့နယ်ဆုရရှိကြသည့် ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်နှင့် ပန်းတနော် မြို့နယ်တို့အား ငွေသားနှင့် ဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက မိုးစပါး လျာထားချက်အပေါ် ဧရိယာအများဆုံးတိုးချဲ့ဖော်ထုတ်မှုတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်၊ ဒုတိယဆုရ မြောင်းမြခရိုင်နှင့် တတိယဆုရ ဖျာပုံခရိုင်တို့အား လည်းကောင်း၊ ရာနှုန်းပြည့်မြေအသုံးချမှုဆုရ လေးမျက်နှာမြို့နယ်အား လည်းကောင်း ဆုများပေး အပ်ချီးမြှင့်သည်။

## ဂုဏ်ပြုချီးမြှင့်

ယင်းနောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်တိုင်းအတွင်း၌ ဝိဇ္ဇာဘာသာတွဲတွင် ပထမဆုရ မြန်အောင်အထကမှမောင်အောင်ဆန်းမင်း၊ဒုတိယဆုရ ကျောင်းကုန်းမြို့မှ မောင်အောင်မျိုးဆန်း၊ တတိယဆုရ ဟိုင်းကြီး အထကမှ မောင်အောင်မြင့်ထွန်း၊ စတုတ္ထဆုရ အိမ်မဲ အထကမှ မအေးမြတ်သူ၊ ပဉ္စမဆုရ ရေကြည်အထကမှ မမေမြတ်မွန်၊ ဆဋ္ဌမဆုရရှိကြသည့် ရေကြည် အထကမှ မောင်ရဲထိုက်အောင်နှင့် လပွတ္တာအထကမှ မအေးအေးခိုင်၊ သတ္တမဆုရ ပုသိမ်အထကမှ စသိန်းဇော်အောင်၊ အဋ္ဌမဆုရ ဓနုဖြူ အထကမှ မောင်ထွန်းထွန်းဝင်း၊ နဝမရရှိကြသည့် အင်္ဂပူအထကမှ မောင်ငြိမ်းမင်းအောင်နှင့် အိမ်မဲအထကမှ မနန်းဗိုလာ၊ ဒသမဆုရ ဇလွန်အထကမှ မအေးအေးမော်တို့အား ငွေသား၊ ကလပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးလှမျိုး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆွေ၊ ရဲမှူးကြီးသူရတင်လှနှင့် တာဝန်ရှိသူများက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစိုက်ပျိုးရေး၌ တစ်ဧကအထွက်နှုန်း အကောင်းဆုံးဆုရ တောင်သူများအားလည်းကောင်း၊ မိုးစပါး၊ နွေစပါးနှင့် မိုးစပါးနှင့် နွေစပါးနှစ်ရပ်ပေါင်းတို့တွင် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဆုရ လပွတ္တာ၊ ကျိုက်လတ်နှင့် ဘိုကလေးမြို့နယ်များအား လည်းကောင်း၊ ဆီထွက်သီးနှံအကောင်းဆုံး စိုက်ပျိုးထုတ်လုပ်မှုဆုရ အင်္ဂပူမြို့နယ်၊ ပဲမျိုးစုံ အကောင်းဆုံးစိုက်ပျိုးထုတ်လုပ်မှုဆုရ ဟင်္သာတမြို့နယ်၊ သီးနှံစိုက်စွမ်းအား မြင့်မားစွာဆောင်ရွက်နိုင်မှုဆုရ ဇလွန်၊ ဓနုဖြူနှင့် အင်္ဂပူမြို့နယ်၊ မိုးစပါးဧက ၄၀၀စံပြကွက်များတွင် ပန်းတိုင်ရည် မှန်းချက်ကို အကောင်အထည်ဖော်နိုင်သည့် ပထမဆုရ ဟင်္သာတမြို့နယ်၊ ဒုတိယဆုရ ရေကြည်မြို့နယ်နှင့် တတိယဆုရ ဇလွန်မြို့နယ်၊ ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားတွင် FAOဆုများ ရရှိကြသော တိုင်းအတွင်းရှိ မြို့နယ်နှင့် တောင်သူများအား လည်းကောင်း ငွေသားနှင့် ဒိုင်းဆုများပေးအပ်ချီးမြှင့်သည်။

## ဆုဖလားပေးအပ်

ဆက်လက်၍ တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများက စက်ကိရိယာများသုံး၍ အလေအလွင့် လျော့နည်းစွာ ဆောင်ရွက်နိုင်မှုဆု၊ ဝင်ငွေအများဆုံး စွမ်းဆောင်နိုင်မှု၊ ဘက်စုံထူးချွန်ဆု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်နိုင်မှုဆု၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်နိုင်မှုအကောင်းဆုံးဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်နိုင်မှုဆုရရှိကြသော ခရိုင်နှင့်မြို့နယ်များနှင့် စက်မှုဇုန်များအား ငွေသားနှင့်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးဦးရဲမြင့်နှင့် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးလှတင့်တို့က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဧရာဝတီတိုင်းအတွင်းမှ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူ၁၈ဦးတို့အား လည်းကောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးစိုးသိန်းတို့က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူး ရရှိကြသည့် ပုသိမ်ခရိုင်မှ ကျောင်းသားကျောင်းသူ၁၇ဦး၊ ဟင်္သာတခရိုင်မှ ကျောင်းသားကျောင်းသူ၁၃ဦး၊ မြောင်းမြခရိုင်မှ ကျောင်းသားကျောင်းသူ ရှစ်ဦး၊ မအူပင်ခရိုင်မှ ကျောင်းသားကျောင်းသူ ငါးဦးနှင့် ဖျာပုံခရိုင်မှ ကျောင်းသားကျောင်းသူ ခုနစ်ဦးတို့အား ငွေသားနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တိုင်းအတွင်း အောင်ချက်အမြင့်အမားဆုံး ပထမဆုရ ကြံခင်းမြို့နယ်၊ ဒုတိယဆုရ ဓနုဖြူမြို့နယ်နှင့် တတိယဆုရ ကျုံပျော်မြို့နယ်၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တိုင်းအတွင်း အောင်ချက်အမြင့်မားဆုံးကျောင်း ပထမဆုရ ကျုံပျော် အထက၊ ဒုတိယဆုရ ပုသိမ် အထက(၂)နှင့် တတိယဆုရ မြောင်းမြ အထက(၁)တို့အား ငွေသားနှင့်ကလပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

# ဒေသခံတိုင်းရင်းသားပြည်သူများ လုံခြုံချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရေး ဖောက်လုပ်ပြီး လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်

## ရာသီမရွေးသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာရေး အလေးထားဆောင်ရွက်

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဆတ်မြို့ ရွှေမြေပျားလိမ္မော်ခြံတွင် ခေတ်မီစက်ဖြင့် ပျားလိမ္မော်သီးများကို အရွယ်အစားအလိုက် ရွေးချယ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၂၁

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် မိုင်းဆတ်တပ်နယ် ရန်ကြီးအောင်ခန်းမ၌ မိုင်းဆတ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

### တက်ညီလက်ညီဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်မတော်သားများ၊ မိသားစုဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြရာ၌ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မိသားစုအလိုက် တပ်ရင်းတပ်ဖွဲ့အလိုက် အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ရိပ်သာသို့ ရောက်ရှိကြပြီး ဧည့်ရိပ်သာခန်းမ၌ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ညွှန့်က တာဆန်း-မိုင်းတုံ- မိုင်းဆတ်- မိုင်းခုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် စပ်လျဉ်း၍ မိုင်းတုံမှ မိုင်းဆတ်အထိ ၄၂ မိုင်ကို လမ်းအကျယ် ၃၄ပေချဲ့ခြင်း၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက မိုင်းခုတ်-မိုင်းဖြတ်အပိုင်း မိုင်တိုင် အမှတ်(၃၈/၀မှ၉၄/၀)အထိ လမ်းအရှည် ၅၆မိုင်ကို မိုင်းဆတ်ခရိုင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေမှု၊ ယခုပွင့်လင်းရာသီတွင် ယာဉ်များသွားလာနိုင်ရေးအတွက် ချုံခုတ် အလင်းဖွင့်ခြင်း၊ ယာယီသစ်သားတံတား ၂၈စင်း ဆောက်လုပ်ခြင်း၊ တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်း၊ လမ်းလုပ်ငန်းအတွက် လိုအပ်သော စက်ယာဉ်ယန္တရားများ ရွှေ့ပြောင်းသယ်ယူခြင်း လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

### စဉ်ဆက်မပြတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် လမ်းများ ဖောက်လုပ်ပေးခြင်း၊ တံတားများ တည်ဆောက်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသခံ တိုင်းရင်းသားပြည်သူများ လုံခြုံချောမွေ့စွာဆက်သွယ်သွားလာနိုင်ရေးအတွက် ဖောက်လုပ်ပြီးလမ်းများနှင့် တံတားများရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီပြီး အဆင့်အတန်းမြင့်မားရန် လိုကြောင်း၊ မော်တော်ယာဉ်များ တစ်နာရီလျှင် မိုင်၂၀မှ မိုင်၃၀အထိ လုံခြုံချောမွေ့စွာ မောင်းနှင်နိုင်သည့်အထိလမ်းများ ချောမွေ့ညက်ညော ရန်လိုကြောင်း၊ မိုင်းခုတ်မြို့အဝင်လမ်းကို ကျောက်ရောမြေဖြင့် ကျစ်လျစ်ခိုင်မာအောင် လုပ်ဆောင်သွားရန်နှင့် ဒေသချင်းဆက်လမ်းများကိုပါ စနစ်တကျ လေ့လာသုံးသပ်ပြီး အချိတ်အဆက်မိမိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တံတားများ တည်ဆောက်ရာတွင် လမ်းနှင့်အတူ တစ်ပါတည်းပြီးစီးရေး၊ မိုင်းဖြတ်အပိုင်းရှိ ပေ၈၀တံတားတည်ဆောက်ရေးကိစ္စကိုလည်း ညှိနှိုင်းတင်ပြဆောင်ရွက်သွားရန်၊ အချို့ နေရာများတွင် ဒေသထွက်သစ်ဖြင့် ဖန်တီးပြီး အချိန်မရွေးသွားလာနိုင်ရေးအတွက် ကြိုတင် စီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရေးကြီးသည့် လမ်းအပိုင်းများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ နွေ၊မိုး၊ဆောင်းရာသီမရွေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်လာရေး အလေးထား ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက် ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

### လွယ်ကူစွာဆက်သွယ်သွားလာနိုင်

ယခု ဖောက်လုပ်သည့် လမ်းများ ပြီးစီးပါက မိုင်းဆတ်ဒေသသို့ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ်လမ်း၊ မိုင်းဖြတ်-မိုင်းခုတ်-မိုင်းဆတ်လမ်း၊ တာချီလိတ်- မိုင်းဆတ်လမ်း၊ တာဆန်း- မိုင်းတုံ-မိုင်းဆတ်လမ်းနှင့် မိုင်းပျဉ်း- မိုင်းဆတ်လမ်း စသည့် လမ်းကြောင်းကြီး ငါးကြောင်းဖြင့် မိုင်းဆတ်သို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း၊ မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ လိုက်လံ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

### ထိန်းသိမ်းဆောင်ရွက်

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိုင်းဆတ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊လူမှုရေး၊ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်ရေး လုပ်ငန်းများကို နိုင်ငံတော်က ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် ပတ်ဝန်းကျင်ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာ ဥဒဟိုသွားလာနိုင်ရန် ဌာနဆိုင်ရာနှင့် တပ်မတော်သားများက စဉ်ဆက်မပြတ် တိုးချဲ့စီမံဖောက်လုပ်ပေးလျက်ရှိရာ ဒေသချင်းဆက်လမ်းများ အဘက်ဘက်က တိုးတက်ချောမွေ့ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ ရေရှည်ချောမွေ့ကောင်းမွန်ရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ဌာနဆိုင်ရာများ၏ တင်ပြချက်အရ တိုးတက်ဖြစ်ထွန်းအောင်မြင်မှုတွေ့ရသဖြင့် ဝမ်းမြောက်ကြောင်း၊ နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိကသီးနှံ၁၀မျိုးကို ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်ရော်ဘာကို တိုးချဲ့စိုက်ပျိုးရေး၊ အထူးသီးနှံခြံစည်းရိုးကြက်ဆူပင်ကို လျာ ထားသတ်မှတ်ချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရေး၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေးတို့အတွက် ဌာနဆိုင်ရာများက ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြီးကြပ်မှုဖြင့် ဒေသခံပြည်သူအား စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊

### ကြိုးပမ်းဆောင်ရွက်

ပညာရေးအပိုင်းအနေဖြင့် ဒေသခံတိုင်းရင်းသားလူငယ်လူရွယ်များဘက်စုံပညာရည်မြင့်မားပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို လက်ဆင့်ကမ်း တာဝန်ဆောင်ရွက်နိုင်ရေး၊ အခြေခံပညာကျောင်းများတွင် ဘက်စုံပညာရည်မြင့်မားတိုးတက်ရေးအတွက် ဌာနဆိုင်ရာနှင့် မိဘဆရာအသင်းတို့က မြို့နှင့်ကျေးလက် ပညာရည်ကွာဟမှု မရှိစေရေး ရည်မှန်းချက်နှင့်အညီ စနစ်တကျဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်း ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်က အားထားရသော ဘက်စုံပညာရည်ထူးချွန်ပြီး မှန်ကန်စွာ တွေးခေါ်မြော်မြင်နိုင်သည့် မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များအဖြစ် လေ့ကျင့် ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်တပ်မတော် အရာရှိကြီးများ တာဝန်ရှိသူများလိုက်ပါ၍ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုင်းဆတ်မြို့ မယ်ဆွမ်းမြောက်ရပ်ကွက်ရှိ ရွှေပျားလိမ္မော်ခြံသို့ သွားရောက် ကြည့်ရှုအားပေးရာ ရွှေပျားလိမ္မော်ခြံပိုင်ရှင် ဦးခတ္တိယက မြေဧက၃၀၌ ပျားလိမ္မော် အပင်၆၀၀၀ စိုက်ပျိုးထားရှိမှုနှင့် ဆွတ်ခူးရရှိမှု၊ ဖြန့်ဖြူးရောင်းချမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေပျားလိမ္မော်ခြံ၌ ပျားလိမ္မော်များ စိုက်ပျိုးထားမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများ၊ ခေတ်မီစက်ဖြင့် ပျားလိမ္မော်သီးများကို အရွယ်အစားအလိုက် ရွေးချယ်ခြင်းကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့ မယ်ဆွမ်းတောင်ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြေလွတ်မြေလပ်ဖော်ထုတ်ရေး ရွှေမြေပျားလိမ္မော်ခြံသို့ ရောက်ရှိကြရာ ရွှေမြေပျားလိမ္မော်ခြံပိုင်ရှင် ဦးရှလောက မြေဧက၄၀၌ ပျားလိမ္မော်အပင် ၆၀၀၀ စိုက်ပျိုးထားရှိမှုနှင့် ဆွတ်ခူးရရှိမှု၊ ဖြန့်ဖြူးရောင်းချမှုတို့ကို လည်းကောင်း၊ မြေဧက၃၀၀၌ စိုက်ပျိုးသွားရန်ရော်ဘာပျိုးပင်နှစ်သိန်း ပျိုးထောင်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေမြေပျားလိမ္မော်ခြံ၌ ပျားလိမ္မော်များ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို လည်းကောင်း၊ ရော်ဘာပျိုးပင်များပြုစု ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြပြီး ပျားလိမ္မော်သီးများကို အရွယ်အစားအလိုက် ရွေးချယ်သည့် စက်ကိုလည်း ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ ၂၁ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ (၃၅)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig Gen, Shawkat Jamal ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၁-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓမ္မာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အရေးပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
- ၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၂၀ ၇။ အတီးပြိုင်ပွဲ
- ၁၇:၂၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၉။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၁၀။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇:၅၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၅။ **"ကောင်းခြင်းဝေဖြာ"** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၉:၂၀ ၁၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၁၉:၃၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉:၄၅ ၁၈။ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအကြောင်း သိကောင်းစရာ
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုရှီးမြှင့်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်မှုအစီအစဉ် အကဲဖြတ်အဖွဲ့ဝင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ လက်ဆင့်ကမ်းဝေ မျိုးဆက်အမွေ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်**

# ကျိုက်ဒေးယျံ(ရန်ကုန်)အာနန္ဒာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

သဃ်န်းကျွန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် ကျိုက်ဒေးယျံ(ရန်ကုန်) အာနန္ဒာစေတီတော်မြတ်ကြီး၏ (၃၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်နံနက်က ဘုရားကြီးဓမ္မာရုံ၌ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံလှနှင့်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံလှက နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်ကြီးနှင့်ပတ်သက်၍ ရှင်းလင်းပြီး ယခုနှစ်တွင်လည်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပရေးဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးအကြံပြုချက်အရ ဘုရားကြီး၏ (၃၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဒီဇင်ဘာ၂၃ ရက်မှ၃၁ရက်အထိ ကိုးရက်တိုင်တိုင် ဇာတ်၊ရုပ်ရှင်၊အငြိမ့်တို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ရက်အတွင်း ရန်ကုန်တိုင်းကိုယ်စားပြု ရွှေတံဆိပ်ဆုရ မောင်မိုးမင်းဇာတ်သဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# အမျိုးသားရေးသန္နိဋ္ဌာန် တိုင်းရင်းဆေးသမားတော်များ ညီလာခံ

**တင်ထွဋ်**
**(အခိုးရတိုင်းရင်းဆေး)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် အမျိုးသားရေး စွမ်းအားစုကြီး ဖြစ်ထွန်းလာရေးအတွက် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများ အထိရောက်ရှိအောင် ဖြန့်ကြက်၍ အမျိုးသားရေးအမြင်ဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့လူဦးရေ၏ ၈၀ရာခိုင်နှုန်း အများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို မိမိတို့၏ ရိုးရာဆေးပညာများဖြင့် တွဲဖက်အသုံးပြုကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က နိုင်ငံအသီးသီးသို့ အကြံပြုလာခဲ့ရာ ယင်းသို့ အကြံမပြုမီ နှစ်ပေါင်း၂၀၀၀ကျော် ကာလကပင် မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာကို အသုံးပြုခဲ့ကြပြီးဖြစ်သဖြင့် မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းအစဉ်အလာ ကြီးမားသော ရိုးရာအမွေအနှစ် ဖြစ်ခဲ့သည်။

ယင်းသို့ ဖြစ်ထွန်းတည်ရှိလာသော တိုင်းရင်းဆေးပညာ၏ သမိုင်းစဉ်ကို လေ့လာရာတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၃၀၀(ခရစ်တော်မပေါ်မီ နှစ်ပေါင်း၃၀၀)တွင် အာသောက (သီရိဓမ္မာသောက) မင်းတရားကြီး လက်ထက်တွင် နိုင်ငံအဝန်း ဆေးရုံ၊ ဆေးခန်းများ ဆောက်လုပ်ပြီး ဆင်းရဲချမ်းသာမရွေး ဆေးကုသပေးခဲ့ခြင်း၊ အင်းဝခေတ်တွင် ပွဲကျောင်းဘုန်းတော်ကြီးများက ဆေးဝါးကုသပေးခဲ့ကြခြင်း၊ အမရပူရခေတ် ဘိုးတော်ဘုရားလက်ထက်တွင် အမတ်ကြီးမြသဘင်နှင့် ပုဏ္ဏားပညာရှိများ ပါဝင်သော ဆေးပညာစုံစမ်းလေ့လာရေးအဖွဲ့တစ်ဖွဲ့ကို အိန္ဒိယသို့ စေလွှတ်ခဲ့ခြင်း၊ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် နန်းတွင်းဆေးရုံများ ဖွင့်လှစ်ပြီး နန်းတွင်းသမားတော်များအဖွဲ့ကို ဖွဲ့စည်း စေ၍ ဆေးကုသပေးခြင်းစသည့် အချက်များကို သိရှိထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားဆေးဝါးများ မပေါ်ပေါက်မီကပင် သမိုင်းကြောင်းတစ်လျှောက် မိမိတို့၏ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအတွက် မိမိဘာသာရပ်တည်ခဲ့ကြကြောင်း ရှေးခေတ်အဆက်ဆက်တွင် မြန်မာ့တိုင်းရင်းဆေးသည် ထီးသုံး၊ နန်းသုံး(တော်ဝင်) ဆေးဖြစ်ခဲ့ကြောင်း ထင်ရှားလှပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့ ကျူးကျော်ခြင်းခံခဲ့ရသည့် ၁၈၈၅ခုနှစ်မှစတင်၍ တိုင်းရင်းဆေးပညာကို ဖိနှိပ်ခြင်းပြုသဖြင့် မှေးမှိန်ခဲ့ရသော်လည်း မြန်မာ့ဆေးကျမ်းအဖုံဖုံကို ရေးသားစီရင်ခဲ့ကြသည့် ဆရာတော်သံဃာတော်များ၊ တောင်သူလယ်သမား ခေါင်းဆောင်ကြီးဆရာစံ အပါအဝင် တိုင်းရင်းဆေးဆရာကြီးများက မိမိတို့ရိုးရာတိုင်းရင်းဆေးပညာ မတိမ်ကောမပျောက်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့ကြပေသည်။

လွတ်လပ်ရေးရရှိပြီး ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်ထိ ဖဆပလခေတ်၊ ၁၉၅၂ခုနှစ်မှ စတင်၍ မြန်မာ့တိုင်းရင်းဆေးပညာပြန်လည်ဦးမော့လာကာ တိုင်းရင်းဆေး ဆရာအသင်းအဖွဲ့များ၊ ကော်မတီများဖွဲ့စည်းခြင်း၊ မြန်မာ့ဆေးဆရာအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ စာမေးပွဲများ ကျင်းပပေးခြင်း၊ ၁၉၅၂ခုနှစ်တွင် အစိုးရက တိုင်းရင်းဆေးပညာပြန်လည် မြှင့်တင်ရေး၊ ဆေးဆရာများ ရွေ့ပြေးကော်မတီ၊သို့မဟုတ် ရွေ့ဆောင်အဖွဲ့ကို မြန်မာ နိုင်ငံဆေးနှင့် ကျန်းမာရေးညွှန်ကြားရေးဝန် ဦးမောင်ကလေး ခေါင်းဆောင်၍ ဖွဲ့စည်းပေးခြင်း၊ ၁၉၅၃ခုနှစ်တွင် တိုင်းရင်းဆေး ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး တိုင်းရင်းဆေးကုဌာန ၁၈ခုကို ရန်ကုန်တွင် ကိုးခု၊ မန္တလေးတွင် ကိုးခု ဖွင့်လှစ်ပေးခဲ့ခြင်း စသည်တို့ ဆောင်ရွက်ခဲ့သည်။

၁၉၆၂ခုနှစ်မှ ၁၉၈၈ခုနှစ် (တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်)အတွင်း ဆောင်ရွက်ခဲ့ချက်များမှာ တိုင်းရင်းဆေးပညာ သုံးဘာသာ (ဒဘဗ)စာမေးပွဲကို ငါးကြိမ်တိုင်တိုင် ကျင်းပခဲ့ခြင်း၊ ၁၉၆၀ ပြည့်လွန်နှစ်များ၌ ဆေးဝါးဗေဒ သုတေသနဌာနခွဲကို စတင်ဖွင့်လှစ်ပြီး ဆေးဖက်ဝင်အပင်များနှင့် ဆေးမျိုးစုံကို သုတေသနပြုလုပ်ခဲ့ခြင်း၊ မန္တလေးနှင့်ရန်ကုန်တို့တွင် တိုင်းရင်းဆေးရုံများဖွင့်လှစ်ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန ၁၁၅ခုရှိခဲ့၍ ၁၉၆၉ခုနှစ်၌ နိုင်ငံတော်က ဦးဆောင်သော တိုင်းရင်းဆေးပညာ ဆွေးနွေးပွဲများကို ရန်ကုန်မြို့၌ ကျင်းပခဲ့ခြင်း၊ ၁၉၇၀ပြည့်လွန်နှစ်များအတွင်း တိုင်းရင်းဆေး သုတေသန ယူနစ်ဖွင့်လှစ်၍ ဆေးဝါးဗေဒသုတေသနဌာနခွဲကို အားဖြည့်လျက် တိုင်းရင်း ဆေးပင်များ လက်စွဲစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ခြင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့၏ အထောက်အပံ့ဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးဖုံ ၄၈ဖုံတို့၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် အာနိသင်ရှိမှုထက် အဆိပ်အတောက်ကင်းဆေးဖုံများရရှိရန် သုတေသနယူနစ်ဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းလျက် ယင်းတိုင်းရင်းဆေးဖုံတို့၏ အရည်အသွေး၊ စံချိန်စံညွှန်းကို သုတေသနပြုသတ်မှတ်ခဲ့ခြင်းစသည်တို့ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ)လက်ထက် (၁၉၈၈ခုနှစ်မှ ယနေ့အထိ)ကာလအတွင်းတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တိုင်းရင်းဆေးဝါးများ အပေါ် စိတ်ဝင်စားမှုနှင့် ပြုစုပျိုးထောင်အားပေးမှုတို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနကို ၁၉၈၉ခုနှစ်တွင် သီးခြားဦးစီးဌာနအဖြစ် ဖွဲ့စည်းပေးခဲ့ရာမှ ၁၉၉၈ခုနှစ်တွင် အဆင့်(၁)ဦးစီးဌာနအဖြစ် တိုးမြှင့်ဖွဲ့စည်းပေးခဲ့ခြင်း၊ တိမ်မြုပ် ပျောက်ကွယ်လုမတတ်ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်များ ဖော်ထုတ်ရန်၊ အစွမ်းထက်သောဆေးဝါးများ၊ ကုထုံးများ၊ ဆေးဖက်ဝင်အပင်များ ဖော်ထုတ် ထိန်းသိမ်းရန်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ သမားစဉ်ဂိုဏ်းအလိုက် သုံးစွဲလျက်ရှိကြသည့် အာနိသင်ထက်မြက်သော ဆေးဝါးများ၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသအလိုက် ဆေးပညာရပ်များ၊ ကုထုံးများ၊ ဆေးဝါးများကို ပြန်လည်ဖော်ထုတ်ရန် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကို ၁၉၉၇ခုနှစ် ဧပြီ၂၅ရက်မှ၂၇ရက်အထိ မန္တလေးမြို့၌လည်းကောင်း၊ ၁၉၉၇ခုနှစ် နိုဝင်ဘာ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌လည်းကောင်း၊ ၁၉၉၈ခုနှစ် ဧပြီ ၂၆ရက်နှင့် ၂၇ရက်တို့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ လည်းကောင်း၊ ၁၉၉၉ခုနှစ် မတ် ၂ရက်နှင့် ၃ရက်တို့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌လည်းကောင်း ကျင်းပနိုင်ခဲ့ခြင်း တိုင်းရင်း ဆေးဆရာများ အရည်အသွေး မြှင့်တင်နိုင်ရေးနှင့် တိုင်းရင်းဆေးဆရာများ စည်းလုံးရေးတို့ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးကောင်စီဥပဒေကို ၂၀၀၀ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး တိုင်းရင်းဆေးကောင်စီကိုလည်း ဖွဲ့စည်းပေးနိုင်ခဲ့ခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ မြှင့်တင်ရေးကို ဦးတည်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ထွန်းကားပြန့်ပွားရေး ကြိုးပမ်းမှုကို အရှိန်အဟုန်မြှင့်သည့် အနေဖြင့် အမျိုးသားအဆင့် တိုင်းရင်း ဆေးသမားတော်များ ညီလာခံကို ၂၀၀၀ပြည့်နှစ်မှစ၍ ၂၀၀၅ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့ရာ ခြောက်ကြိမ်တိုင်တိုင်ရှိပြီးဖြစ်ခြင်း၊ အလားတူ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်းကိုလည်း ၂၀၀၂ခုနှစ်တွင် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ သင်ကြားမှု အဆင့်အတန်းနှင့် ထိပ်တန်း အာဆီယံနိုင်ငံများ အဆင့်မီရေးအတွက် လက်ရှိတိုင်းရင်းဆေး သိပ္ပံအပြင် ဘွဲ့ဒီဂရီအပ်နှင်းနိုင်သည့် တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်နိုင်ခဲ့ခြင်း စသည်တို့သည် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် အောင်မြင်မှု သာဓကများပင်ဖြစ်သည်။

ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာကို သိပ္ပံနည်းကျ ဖော်ထုတ်စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန်နှင့် တိုင်းရင်းဆေးဝါးများကို စနစ်တကျအသုံးပြုနိုင်ရန် ဆေးတက္ကသိုလ်များတွင် တတိယနှစ် သင်ရိုးညွှန်းတမ်း၌ ထည့်သွင်းသင်ကြားလျက်ရှိပြီး တရုတ်ပြည်၌ Alternative Medicine အဖြစ် အသုံးပြုလျက်ရှိသော တရုတ်အပ်စိုက်ပညာဘာသာရပ်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားလျက် ရှိပါသည်။

ထို့ပြင် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်မှ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ ထောက်ပံ့ခွင့်ပြုလျက်ရှိသည့်အားလျော်စွာ မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးသုတေသန ဆောင်ရွက်ချက်များကို ကမ္ဘာကပင် အသိအမှတ်ပြုလာသည့်အဆင့် ရောက်ရှိခဲ့ပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ အပါအဝင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး စသည်တို့ ဦးဆောင်သည့် ပညာရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် လာရောက်လေ့လာခဲ့ကြသည့်အပြင် မြန်မာ တိုင်းရင်းဆေးအဖွဲ့အနေဖြင့်လည်း မလေးရှားနိုင်ငံ၏ ဖိတ်ကြားမှုဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်ကာ တိုင်းရင်းဆေးပြပွဲ ပြသခဲ့ကြပေသည်။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံအတွင်း အဖြစ်များသည့် ရောဂါခြောက်မျိုးအတွက် ကာကွယ်ကုသနိုင်သည့် ဆေးဝါးများကို ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်ချက်နှင့်အညီ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ သုတေသီပညာရှင်များက သုတေသနပြုလုပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ နည်းပညာလွှဲပြောင်းခြင်း၊ သုတေသန ဆက်လက်ဆောင်ရွက်ရန် ရှိသည်များကို ဆက်လက်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးပညာကို အဘက်ဘက်မှ အားပေးချီးမြှင့်လျက်ရှိသော အခြေအနေ၊ အချိန်အခါကောင်းကို ကောင်းစွာသိရှိပြီး "မိုးရွာတုန်းရေခံ" ဆိုသည့် ဆိုရိုးစကားအတိုင်း မြန်မာ့တိုင်းရင်းဆေးသမားတော်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းကြရန် အထူးလိုအပ်ပေသည်။

ထိုနည်းတူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆေးဝါးစက်ရုံ (ပြင်ဦးလွင်)တို့သို့ ကြည့်ရှုစစ်ဆေးခဲ့သည့်ခရီးစဉ်၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတို့တွင် မိန့်မှာချက်များနှင့် ၂၀၀၀ပြည့်နှစ်မှ စတင်၍ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သော တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သော သဝဏ်လွှာများတွင် ပါရှိသော–

- **တိုင်းရင်းဆေးပညာရှင်များအနေဖြင့် အတွေးအခေါ်ဟောင်းများကို စွဲကိုင်မထားဘဲ တိုးတက်နေသည့်ကမ္ဘာကြီးနှင့် အမီလိုက်၍ ဆေးဝါးသစ်များ၊ ကုထုံးသစ်များ ဖော်ထုတ်နိုင်အောင် တီထွင်ကြံဆ ဆောင်ရွက်နေကြရန်၊**
- **တိုင်းရင်းဆေးပညာရပ်ကို ခေတ်မီသိပ္ပံပညာနှင့် ပေါင်းစပ်လုပ်ကိုင်ရမှာဖြစ်သကဲ့သို့ အခြားနိုင်ငံများ၏ တိုင်းရင်းဆေးပညာများဖြင့်ပါ ပေါင်းစပ်၍ မြန်မာ့တိုင်းရင်းဆေး၏ ကဏ္ဍမြင့်မား တိုးတက်အောင် ကြံဆောင်ကြိုးပမ်းသွားရန်၊**
- **ပြည်နယ်နှင့် တိုင်းများ၌ ပေါက်ရောက်လျက်ရှိသော ပရဆေးပင်များကို စုံနိုင်သမျှစုံလင်အောင် စိုက်ပျိုးသွားရန်နှင့် ပရဆေးပင်အလိုက် အစွမ်းထက်မြက်မှုများကိုလည်း စနစ်တကျသုတေသနပြုလုပ်သွားကြရန်နှင့် အဆိုပါတိုင်းရင်းဆေးများ၏ အောင်မြင်မှု၊ စိတ်ချရမှုများနှင့် စပ်လျဉ်း၍ ခိုင်မာစွာစမ်းသပ်ပြီးပါက စီးပွားဖြစ်ထုတ်လုပ်ပြီး ဆေးဝါးများကို ကျယ်ပြန့်စွာ အသုံးချသွားရန်၊**
- **ကျန်းမာရေးနှင့် ပတ်သက်၍ ပြည်ပအမှီခိုကင်းရေးသည် အရေးကြီးသော လုပ်ငန်းဖြစ်သည့်အတွက် တိုင်းရင်းဆေးဝါး အဆင့်မြှင့်တင်ရေးနှင့် Alternative Medicine ကို ဖော်ထုတ်ပြီး အကျိုးရှိရှိသုံးစွဲနိုင်ရေးအတွက် သုတေသနကဏ္ဍက အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊**
- **မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်အောင် စောင့်ရှောက်မြှင့်တင်ခြင်းသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်သာမက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်း ဖြစ်သည်ဟု တိုင်းရင်းဆေးသမားတော်ကြီးများအားလုံးက ခံယူထားကြရန်၊**
- **မြန်မာ့တိုင်းရင်းဆေးပညာ ထွန်းကားပြန့်ပွားရေးအတွက် ကျွမ်းကျင် သိမြင်ထက်မြက်သော ဝါရင့် သမ္မာရင့် တိုင်းရင်းဆေးသမားတော်ကြီးများ ဖော်ထုတ်အားပေးမြှင့်တင်ရေး၊ အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိမ်မြုပ်နေသော တိုင်းရင်းဆေးပညာရပ်များ၊ ဆေးကျမ်းများ၊ ဆေးနည်းများ၊ ကုထုံးများ ပြန်လည်ဖော်ထုတ်ရေးနှင့် စနစ်တကျ ပြန့်ပွားရေး၊အစွမ်းထက်သော ဆေးဖက်ဝင်အပင်များ၊ ဆေးဖက်ဝင်ရေထွက်၊ မြေထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ ဖော်ထုတ် ထိန်းသိမ်း စောင့်ရှောက်ရေးတို့ကို စနစ်တကျစီမံ ဆောင်ရွက်သွားရန်၊**
- **တိုင်းရင်းဆေးဆိုင်ရာ သမားစဉ်အလိုက်၊ ဒေသအလိုက်၊ ရောဂါအလိုက် ဆေးနည်းနှင့်ကုထုံးများ ဖော်ထုတ်ရေး၊ ပိုမို အစွမ်းထက်ရေးနှင့် ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကုသမှုများကို စနစ်တကျသုတေသနပြုပြီး စံချိန်စံညွှန်းများ ဖော်ထုတ်မှတ်တမ်းတင်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်၊**
- **မြန်မာ့တိုင်းရင်းဆေးပညာ သိပ္ပံနည်းကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အနောက်တိုင်းဆေးပညာဖြင့် ကုသ၍မပျောက်ကင်းနိုင်သေးသည့် ရောဂါများကို ကုသနိုင်သည့် တိုင်းရင်းဆေးဝါးနှင့်ကုထုံးများ ဖော်ထုတ် မြှင့်တင်ရေး၊ အချို့သောရောဂါများကို အနောက်တိုင်းဆေးပညာနှင့် တိုင်းရင်းဆေးပညာပေါင်းစပ်ကုသရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့်ခေတ်မီ နည်းစနစ်များ၊ ခေတ်မီပစ္စည်းကိရိယာများ ပေါင်းစပ်ကုသရေး၊ မြန်မာ့တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်ပစ္စည်းများ၊ ဆေးဝါးဖော်စပ်နည်းများကို သိပ္ပံနည်းကျ သုတေသနပြု မှတ်တမ်းတင်ရေးတို့ကို ဆောင်ရွက်သွားကြရန်၊**
- **နက်နဲခက်ခဲသည့် ဆေးကျမ်းအသွယ်သွယ်၊ စွမ်းအင်ထက်မြက်သည့် ဆေးဝါးအဖုံဖုံ၊ ကြွယ်ဝလှသည့် ကုထုံးနည်းနာအမျိုးမျိုးတို့ဖြင့် ကုံလုံပြည့်စုံပြီး ကျယ်ဝန်းနက်ရှိုင်းလှသည့် ပညာရပ်တစ်ခုဖြစ်သော မြန်မာ့ တိုင်းရင်းဆေးပညာကို ယခင် ကိုယ့်မင်း ကိုယ့်ချင်းဘဝက ထည်ဝါခိုင်ခံ့ခဲ့သည့် အဆင့်အတန်းဖြင့် ပြန်လည်မြင့်မားတောက်ကြွားစေရေးမှာ သာမန်အားထုတ်မှုမျှဖြင့် လုံလောက်မည်မဟုတ်ဘဲ မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ ကြိုးပမ်းစွမ်းဆောင်မှု၊ နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှု၊ ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုတို့ ပေါင်းစပ်လျက် ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ဆောင်ရွက်ကြရန်**

စသည့် အမြော်အမြင်ကြီးမားလှသည့် မိန့်မှာချက်များကို မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများအနေဖြင့် လုပ်ငန်းလမ်းညွှန်အဖြစ် ဦးထိပ်ပန်ဆင်ကာ ရရှိဖြစ်ထွန်းနေပြီဖြစ်သော အောင်မြင်မှုအကျိုးရလဒ်ကောင်းများကို ထပ်ဆင့်မြှင့်တင်ရင်း မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ စုစည်း ခိုင်မာသော စုပေါင်းစွမ်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက် ထွန်းကားပြန့်ပွားရေးနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့အား ထိရောက်ထက်မြက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ပေးနိုင်ရေးတို့အတွက် **"အမျိုးသားရေးသန္နိဋ္ဌာန်"** ချမှတ်ပြီး စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် **"သတ္တမအကြိမ် တိုင်းရင်းဆေး သမားတော်များညီလာခံ"**ကြီးကို ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသတည်း။ ။

# ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ရာပြည့်ဗိမာန် လေးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၁

**ဧရာဝတီတိုင်း ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ရာပြည့်ဗိမာန် လေးထပ်ကျောင်းဆောင်သစ်ရေစက်ချလှူဒါန်းပွဲကို နိုဝင်ဘာ၁၉ ရက်က အဆိုပါ ကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ပုဗ္ဗာရုံကျောင်း ပဓာနနာယက ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လက မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ရွှေကျင်ဥက္ကဋ္ဌ မောင်းထောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ မဟောသဓ ပဏ္ဍိတက အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။**

ထို့နောက် အလှူရှင်များကိုယ်စား ရာပြည့်ဗိမာန် လေးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းနှင့် ကျောင်းဆောင်မတည်အလှူရှင် ဒေါက်တာ မေမာလာတို့က မုခ်ဦးကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**(အောက်ပုံ)**

**ငွေကျပ်သိန်း ၉၀၀ ခန့်ကုန်ကျ**

အဆိုပါ မောင်းထောင်ရာပြည့်ဗိမာန် လေးထပ်ကျောင်းဆောင်သစ်အတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၉၀၀ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန် မာ ကျောင်း (မူ လ ကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက်ကျောက်မဲမြို့ လူထုကဖေးနေ မွေးနေ့အလှူရှင်ဖြစ်သော ကိုနေအောင်က အဘိုးဦးဘဟိန်း-အဘွားဒေါ်ဆိုင်တို့အား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်-ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**ဖခင်ကြီး ဦးဖေသန်းချစ် - မိခင်ကြီး ဒေါ်ခင်အေးသန်းတို့အား ရည်စူး၍ ရန်ကုန်မြို့ အင်းစိန် မြို့နယ် ရွာမ အရှေ့ ရပ်ကွက်သီရိမင်္ဂလာလမ်းသွယ် (၁၅) အမှတ်(၉/ခ) နေ သားသမီး တစ်စုက ဒဂုံမြို့နယ် အမှတ် (၁၆) စကားဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ ဆွမ်း၊ ရေ၊ မီး၊ ဆေးပဒေသာနှင့် တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# မြင်းမူမြို့ ငွေးပင်တော အမကလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်၊ အဆိုပြုလွှာပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်သည့် အခမ်းအနားများသို့ တက်ရောက်သည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အစီအစဉ်အရ ကျောင်းသား ကျောင်းသူလေးများက ရာသက်ပန် ပြည်ထောင်စု သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

**တက်ရောက်အမှာစကားပြော**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ငွေးပင်တော ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်း၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး အဆိုပြုလွှာပေးအပ်သည့် ကျေးရွာငါးရွာသို့ ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ပံ့ပိုးပေးသည်။

**အဆိုပြုလွှာပေးအပ်**

ယင်းနောက် မြင်းမူမြို့နယ် အတွင်းရှိ ငွေးပင်တော၊ လက်ထုတ္တော၊ စည်ပင်၊ တွင်းကြီးနှင့် ဘိုးမင်းကြီး ကျေးရွာတို့မှ အသင်းဝင်အဆိုပြုလွှာ ၄၆၈၂စောင်ကို ပေးအပ်ရာ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက လက်ခံသည်။ ထို့နောက် အဆိုပြုလွှာရှင်များကိုယ်စား အသင်းဝင် တစ်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသို့ ဝင်ရောက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ဂျာနယ်မျိုးစုံလှူဒါန်း**

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ငွေးပင်တော ကျေးရွာ ရာသက်ပန် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံလှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုညာရာမ ဆရာတော် ပြည်ပ သာသနာပြုခရီး

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်ပုညာနန္ဒ (ဗဟုဇနဟိတရေ) သည် နိုဝင်ဘာ ၂၆ရက်တွင် အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ ခြောက်လကြာ ပြည်ပ သာသနာပြု ခရီး ကြွရောက်မည်ဖြစ်၍ နယ်လှည့်တရားပွဲနှင့် တရားစခန်းအစီအစဉ်များကို ရပ်နားထားကြောင်း သိရသည်။

**(က-ပ)**

# အထက(၂)စမ်းချောင်း ယခင်စိန့်ဖလိုမီနာ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

စိန့်ဖလိုမီနာ အထက(၂) စမ်းချောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ အထက် ဆရာမကြီးများအား ကျောင်းသူဟောင်းများက ပူဇော်ဂါရဝပြုမည့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ အထက(၂) စမ်းချောင်း စံပယ်ခန်းမဆောင်တွင် ကျင်းပမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေများကို အထက(၂)စမ်းချောင်း ဖုန်း-၅၃၅၀၅၄၊ ၅၃၅၄၉၇၊ ဒေါ်ကြူကြူဌေး ဖုန်း-၅၀၁၆၇၃၊ ဒေါ်ချိုချို ဖုန်း- ၅၀၀၇၀၀၊ ဒေါ်တင်မာငြိမ်း ဖုန်း-၀၉-၅၀-၀၇၃၆၆၊ ဒေါ်ခင်မလေး ဖုန်း-၆၄၂၈၃၅၊ ဒေါ်ခင်လေးမွန် ဖုန်း-၅၃၆၆၆၈ နှင့် ဒေါ်ဆွေဇင်ထိုက် ဖုန်း-၅၂၆၀၉၆ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း ဖွဲ့စည်း ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၁

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း ဖွဲ့စည်းရေး အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)





ရှေးဦးစွာ မွေးမြူရေးနှင့်ရေ လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက အမှာစကားပြောကြားသည်။

**ဖွဲ့စည်းတာဝန်ပေး**

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်နှင့် အတွင်းရေးမှူး ဦးဝင်းကြိုင်တို့ပါဝင်သည့် မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အသင်း ရန်ပုံငွေ အတွက် မြန်မာနိုင်ငံ ရေချိုငါး ဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးထောပလော်ဖောတို့က ငွေကျပ် သိန်း ၂၀စီ၊ ဒုတိယဥက္ကဋ္ဌ(၃)ဦးရဲဒင်က ငွေကျပ် ၁၀သိန်း၊ ဒုတိယဥက္ကဋ္ဌ (၄)ဒေါက်တာ မြင့်စိန်နှင့် အတွင်းရေးမှူး ဦးဝင်းကြိုင်တို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်မြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးအောင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးထိုင်ထိုင်၊ စာရင်းစစ်(၂) ဦးအောင်ညွန့်၊ အလုပ်အမှုဆောင် ဦးမိုးနိုင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၅) ဦးတင်မြင့်တို့က ငွေကျပ်ငါးသိန်းစီ၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း အလုပ်အမှုဆောင် ဦးမျိုးဝင်းမြင့်၊ အလုပ်အမှုဆောင်ဒေါက်တာအောင်မြင့်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်သုံးသိန်းစီ၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်မောင်း၊ အလုပ်အမှုဆောင် ဦးဝင်းအောင်၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၅) ဦးမောင်မောင်ဌေးနှင့် တွဲဖက်အတွင်းရေးမှူး(၄) ဦးတင်နေဝင်းတို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင် ၃၂ဦးတို့က ငွေကျပ် ၁၃၄သိန်းကို ပေးအပ်လှူဒါန်းကြရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၂) ဦးလှမောင်ရွှေတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## မန်ယူ၏ဂုဏ်ရောင်ထွန်းပြောင်စေခဲ့သည့် ဂန္ထဝင်ကစားသမားသုံးဦးအား ရုပ်တုထွင်းထုဂုဏ်ပြုရန် မန်ယူကစီစဉ်

ရေးသားတင်ပြသူ – မြင့်မောင်စိုး

လန်ဒန် နိုဝင်ဘာ ၂၁

**မန်ချက်စတာယူနိုက်တက် အသင်းသည် ဂျော့ဘက်၊ ဒင်းနစ်လောနှင့် ဆာဘော်ဘီချာလ်တန်တို့၏ သုံးယောက်တွဲ ရုပ်တုတစ်ခုကို ထွင်းထုရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

ဂျော့ဘက်သည် ယမန်နှစ်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ၎င်းသည် မန်ယူ၏ အိုးထရက်ဖို့ဒ်၌ တစ်ချိန်က အောင်မြင်ကျော်ကြားခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

မန်ယူက အဆိုပါ ဘောလုံးသမားသုံးဦးအား ဂုဏ်ပြုသည့် အနေဖြင့် ရုပ်တုထုလုပ်ရန် ဆုံးဖြတ်ချက် ချထားပြီဟု ဆိုသည်။

ယင်းဘောလုံးသမား သုံးဦးအား မည်ကဲ့သို့ ဂုဏ်ပြုရမည်ကို ရှာဖွေနေခဲ့ကြောင်းလည်း အမှုဆောင်အရာရှိ ဒေးဗစ်ဂေးလ်က ပြောကြားသည်။



**မန်ယူ၏ ဂုဏ်ကို မြှင့်တင်ပေးခဲ့သည့် လော** (ဝဲ)၊ **ဘက်** (ယာ) **နှင့် ချာလ်တန်တို့အား ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

**အသိအမှတ်ပြု**

မိမိတို့၏ ဘောလုံးသူရဲကောင်းများသည် ကွယ်လွန်သွားကြပြီဖြစ်သော်လည်း ယင်းတို့၏ အရည်အချင်းကို အသိအမှတ်ပြုရန် ဆန္ဒပြင်းပြလျက်ရှိကြောင်းလည်း ၎င်းက ပြောကြားသည်။

ကမ္ဘာကျော် ပန်းပုပညာရှင် ဖီးလစ်ဂျက်ဆင်အား အဆိုပါဘောလုံးသမား သုံးဦး၏ရုပ်တုကို ထုလုပ်ရန် ရွေးချယ်ထားသည်။ အဆိုပါ ဘောလုံးသမားသုံးဦးသည် ၁၉၆၀ပြည့်လွန်နှစ်များက မန်ယူ၏ အဓိက ကစားသမားများဖြစ်ကြသည်။ ၎င်းတို့သည် ထိုအချိန်က မန်ယူအား လိဂ်ဖလားနှစ်လုံးအပြင် ၁၉၆၈ခုနှစ်တွင် ဥရောပချန်ပီယံလိဂ်ဖလားကိုပါ ဆွတ်ခူးပေးနိုင်ခဲ့သူများ ဖြစ်သည်။

**ပွဲနှင့်ဂိုး**

ယင်းဥရောပဖလား မန်ယူဆွတ်ခူးခဲ့ခြင်းမှာ အင်္ဂလိပ်ဘောလုံးကလပ်များတွင် ပထမဆုံးဖြစ်သည်။ မန်ယူတွင် ဂန္ထဝင်စံတင်ခဲ့ရသည့် အဆိုပါ ဘောလုံးသမားသုံးဦးသည် မန်ယူတွင် ပွဲပေါင်း၁၆၃၃ပွဲ ပါဝင်ကစားခဲ့ကြပြီး သုံးဦးပေါင်း ဂိုး၆၆၅ဂိုး သွင်းယူပေးနိုင်ခဲ့ကြသည်။ **(အင်တာနက်)**

## ဘလက်ဘန်း-တော့တင်ဟမ်ပွဲ အနီကတ်ပွဲဖြစ်ခဲ့ရ





**တူးဂေး** (ဝဲ) **နှင့် ဂါလီတို့အားတွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၁**

ဘလက်ဘန်း အသင်းနှင့် တော့တင်ဟမ်အသင်းတို့သည် နိုဝင်ဘာ၁၉ရက်ညပိုင်းက ပရီမီယာလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းပွဲတွင် နှစ်ဖက်အသင်းမှ အားကစားသမားတစ်ဦးစီ အနီကတ်ဖြင့်ထွက်ခဲ့ရသည်။ ဘလက်ဘန်း ကွင်းလယ်ကစားသမား တူဂေးသည် ဟော့ဆန်ဂါလီအား ကြမ်းတမ်းစွာ ကစားခဲ့၍ အနီကတ်ဖြင့်ထွက်ခဲ့ရသည်။ ဂါလီသည်လည်း လေလွင့်ချိန် ကစားရာတွင် မိုက်ကယ်ဂရေးအား တံတောင်ဖြင့်တွက်ခဲ့၍ ဒိုင်လူကြီးက အနီကတ်ပြ ထုတ်ပယ်ခဲ့ပြန်သည်။

**ဝေဖန်ပြောကြား**

အဆိုပါကစားသမားနှစ်ဦး၏ အနီကတ်များကိုရုပ်သိမ်းပေးရန် နှစ်သင်းစလုံးက အက်ဖ်အေသို့ မေတ္တာရပ်ခံခဲ့သည်။ ထိုသို့ နှစ်ဖက်အသင်းမှ ကစားသမားများအား အနီကတ်အပြန်အလှန်ပြပြီး ထုတ်ပယ်ခဲ့၍ ကွင်းလယ်ဒိုင်လူကြီး ဖီးလ်ဒေါ့အား ဘလက်ဘန်း အသင်းမန်နေဂျာနှင့် တော့တင်ဟမ်အသင်းမန်နေဂျာတို့က ဝေဖန်ပြောကြားခဲ့သည်။ **(အင်တာနက်)**

## ကစားသမားများအား အပြစ်ပေးမှု မှန်ကန်ရေး ဗီဒီယိုအကူအညီလိုအပ်ဟု ဘလက်ဘန်းနည်းပြ ပြောကြား

**လန်ဒန် နိုဝင်ဘာ ၂၁**

ပရီမီယာလိဂ်ဘောလုံးပွဲများ အတွက် ဗီဒီယိုနည်းပညာသုံး၍ အဆုံးအဖြတ်ယူရန် မရှိမဖြစ်လိုအပ်နေပြီဖြစ်ကြောင်း ဘလက်ဘန်းနည်းပြ မက်ဟူးဂျက်က ပြောကြားလိုက်သည်။

၎င်းသည် တော့တင်ဟမ်အသင်းနှင့် တနင်္ဂနွေနေ့က သရေပွဲဖြစ်ခဲ့သည့်ပွဲတွင် ဒိုင်လူကြီးအဖြစ်ဆောင်ရွက်သည့် ဖီးလ်ဒေါ့အား ဝေဖန်ပြောကြားခဲ့သည်။

အဆိုပါ ဘလက်ဘန်းနည်းပြက ၎င်း၏ကစားသမား အနီကတ်ပြ ထုတ်ခံရမှုနှင့်ပတ်သက်၍ မကျေနပ်ကြောင်း၊ ဒိုင်ချုပ် ကက်ဟက်ကက်နှင့် တွေ့မည်ဖြစ်ကြောင်း ပြောကြားသည်။ ပရီမီယာလိဂ်ဒိုင်လူကြီးများသည် ဆုံးဖြတ်ချက်မှားယွင်းမှုကြောင့် နည်းပြများက ဝေဖန်ပြစ်တင်လျက်ရှိသည်။ မကြာမီက ဒိုင်လူကြီး ဂရေဟမ်ပူးလ်၏ ဆုံးဖြတ်ချက် မှားယွင်းမှုအပေါ် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဝေဖန်ပြစ်တင်ခဲ့သည်။

ဝက်ဖို့ဒ်မန်နေဂျာ ဘွတ်သရွိုက်ကလည်း ပို့စ်မောက်အသင်းနှင့်ကစားရာတွင် နောက်ဆုံးပွဲပြီးရန် တစ်မိနစ်အလိုတွင် ပယ်နယ်တီအပေးခံရ၍ ဒိုင်လူကြီးခရစ်ဖွိုင်းအား မကျေမနပ်ဖြစ်နေသည်။ **(အင်တာနက်)**



ဘလက်ဘန်းနည်းပြ မက်ဟူးဂျက်။ (ဓာတ်ပုံ–အင်တာနက်)

## ရောဘတ်တိုကားလို့စ်နှင့် ဂူတီ ရီးရဲမက်ဒရစ်က စာချုပ်သက်တမ်းတိုး

**မက်ဒရစ် နိုဝင်ဘာ ၂၁**

ဘရာဇီးအသင်းနောက်တန်း ကစားသမားနှင့် ရီးရဲမက်ဒရစ်နောက်ခံလူ ရောဘတ်တိုကားလို့စ်နှင့် စပိန် ကွင်းလယ်ကစားသမား ဂူတီတို့နှစ်ဦးအား ရီးရဲမက်ဒရစ်အသင်းက သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီလိုက်ကြပြီဖြစ်သည်ဟု ရီးရဲမက်ဒရစ်ကလပ်က သတင်းထုတ်ပြန်လိုက်သည်။

**တစ်နှစ်ချင်း**

အသက်၃၃နှစ်အရွယ်ရှိ ရောဘတ်တိုကားလို့စ်အား လာမည့် ၂၀၀၈ခုနှစ် ဇွန်လအထိတစ်နှစ်ချင်းစာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။ လောလောဆယ် ၁၂လသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီထားသည်။

ရောဘတ်တိုကားလို့စ်သည် ရီးရဲမက်ဒရစ်အား လာလီဂါဖလား သုံးကြိမ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ဘရာဇီးအသင်းအတွက်လည်း ကမ္ဘာ့ဖလားနှစ်ကြိမ်ရအောင် ကြိုးစားပေးခဲ့သူဖြစ်သည်။

**ဂူတီ**

အသက်၃၀အရွယ်ရှိ ဂူတီအား ၂၀၁၀ပြည့်နှစ် မတိုင်မီအထိ နှစ်နှစ်စာချုပ်ဖြင့် နှစ်ကြိမ်စာချုပ်ချုပ်ဆိုရန် သဘောတူထားသည်။ ဂူတီသည်ရီးရဲမက်ဒရစ်အတွက် ၁၀နှစ် နီးပါးကြာ ကစားပေးခဲ့သူတစ်ဦးဖြစ်သည်။

ဂူတီသည် ရီးရဲမက်ဒရစ်၏ လူငယ်အသင်းမှ ရီးရဲမက်ဒရစ်အသင်းကြီး၏ပုံမှန်နေရာရ ကစားသမား တစ်ဦးဖြစ်လာခဲ့သူဖြစ်သည်။ **(အင်တာနက်)**



**ဘရာဇီးနှင့်ရီးရဲမက်ဒရစ်နောက်ခံလူ ရောဘတ်တိုကားလို့စ်။** (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ– မောင်မောင်မြင့်ဆွေ

## ဖရက်ဒီအဒူ မန်ယူတွင် လေ့ကျင့်ရေးဆင်းနေပြီ



**မန်ယူတွင် လေ့ကျင့်နေပြီဖြစ်သည့် ဖရက်ဒီအဒူ။** (ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၁**

အမေရိကန် ဆယ်ကျော်သက် ဘောလုံးသမားတစ်ဦးဖြစ်သူ ဖရက်ဒီအဒူသည် မန်ယူကလပ်နှင့်အတူ သီတင်းနှစ်ပတ်ကြာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း မန်ယူကလပ်က ပြောကြားသည်။

အသက်၁၇နှစ်အရွယ်ရှိ အမေရိကန် ဒီစီယူနိုက်တက်ကလပ်မှမန်ယူသို့ပြောင်းရွှေ့ကစားမည့် အဒူသည်လောလောဆယ်တွင် အလုပ်ပါမစ်မရရှိသေးသဖြင့် စောင့်ဆိုင်းရမည်ဖြစ်သည်။ ယခုအခါ အဒူသည် မန်ယူကလပ်၏ အကယ်ဒမီဘောလုံးသမားများ လေ့ကျင့်သည့် ကာရင်တန်ကွင်း၌ လေ့ကျင့်လျက်ရှိသည်။

**စာချုပ်ချုပ်ဆိုခေါ်ယူ**

ဂါနာနိုင်ငံတွင် မွေးဖွားပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူ အဒူသည် အမေရိကန်နှင့် ကနေဒါအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲတွင် ကစားထားသူဖြစ်သည်။ လာမည့်အပြောင်းအရွှေ့ကာလတွင် မန်ယူက အပြီးသတ်စာချုပ် ချုပ်ဆိုခေါ်ယူမည်ဖြစ်ပြီး မန်ယူအတွက် ရေရှည်၌ အကျိုးပြုမည့် ကစားသမားဖြစ်လာမည်ဟု ဖာဂူဆန်က ပြောကြားသည်။

အသက် ၁၇ နှစ်အရွယ်ရှိ အဒူအား ချယ်လ်ဆီးတို့ကလည်း ယခုနှစ်အစပိုင်းကာလက ခေါ်ယူရန် ကြိုးစားခဲ့ဖူးသည်။ **(အင်တာနက်)**

## အာဆင်နယ်နောက်ခံလူ ဂါးလက်စ် လေ့ကျင့်စဉ်ဒဏ်ရာရ ရက်အတန်ကြာနားရမည်

**လန်ဒန် နိုဝင်ဘာ ၂၁**

အာဆင်နယ်အသင်းနောက်တန်း ဗဟိုခံစစ်မှူးဝီလျံဂါးလက်စ်သည် နိုဝင်ဘာ၂၀ရက်က လေ့ကျင့်ရေးပြုလုပ်စဉ် ခြေထောက်ဒဏ်ရာရရှိမှုကြောင့် အနည်းဆုံး သီတင်းတစ်ပတ်ခန့်အနားယူရမည်ဟု အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။ အာဆင်နယ်အသင်းသည်လောလောဆယ်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ ဟမ်းဘတ်အက်စ်ဗွီအသင်းနှင့်ကစားရမည်ဖြစ်ရာ ဂါးလက်စ်ခြေထောက်ဒဏ်ရာရရှိသွားမှုအပေါ် အာစင်ဝင်းဂါးစိုးရိမ်ပူပန်သွားခဲ့သည်။

**အကောင်းဆုံး**

"ဂါးလက်စ်ဟာ တကယ့်ထူးချွန်တဲ့ ဘောလုံးသမားတစ်ဦးပါ။ လူငယ်တွေအတွက် အတုယူစရာကောင်းတဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ အကောင်းဆုံးကစားပြနိုင်တဲ့သူ တစ်ဦးလဲဖြစ်ပါတယ်"ဟု အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ချယ်လ်ဆီးအသင်းမှ အာဆင်နယ်သို့ ရောက်ရှိလာခဲ့ပြီးနောက် ဂါးလက်စ်သည် အာဆင်နယ်နောက်တန်းအတွက် အမာခံဘောလုံးသမားတစ်ဦး ဖြစ်လာခဲ့သည်။ အာဆင်နယ်တွင် ကွင်းလယ်ကစားသမား ဂီလ်ဘာတိုကလည်း မိသားစုအရေးကိစ္စကြောင့် ဘရာဇီး ပြန်သွားသလို ယွန်းဘတ်ကလည်း ဒဏ်ရာရရှိနေရာ ယခု ဂါးလက်စ်က ခြေထောက်ဒဏ်ရာရရှိခဲ့ပြန်သဖြင့် အာစင်ဝင်းဂါး စိတ်ပျက်လျက်ရှိသည်။ **(အင်တာနက်)**

ဒဏ်ရာရ

**လေ့ကျင့်ရေးကွင်း၌ ဒဏ်ရာရရှိသွားသော ဂါးလက်စ်အား အာစင်ဝင်းဂါးနှင့် တွေ့ဆုံစဉ်။** (ဓာတ်ပုံ–အင်တာနက်)



## အထက(၁)အင်းစိန် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

အထက(၁) အင်းစိန်(ယခင် အစိုးရတန်းမြင့်ကျောင်း အင်းစိန်)၌တပည့် အပေါင်းအား ပညာသင်ကြားပြုစု ပျိုးထောင်ပေးခဲ့ကြပြီး သက်ပြည့် အငြိမ်းစားယူပြီးသည့် ဆရာ ဆရာမများအား ကျောင်းသူကျောင်းသားဟောင်းများနှင့်ပညာသင်ယူဆဲကျောင်းသူကျောင်းသားများက စုံညီ ပေါင်းစု ဂါရဝပြု ပူဇော်ကြမည့် အာစရိယ ဂုဏပူဇာသဘင်ကို ဒီဇင်ဘာ ၁၀ရက် (၁၃၆၈ခုနှစ် နတ်တော်လပြည့်ကျော်၆ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် အထက(၁) အင်းစိန် ဧရာခန်းမ၌ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းနိုင်

ဦးသိန်းထွန်း ဖုန်း–၃၈၈၈၃၅၊ ၅၁၇၄၅၉၊ ဦးတင်လှိုင် ဖုန်း–၆၉၉၈၂၄၊ ဦးဘဌေး ဖုန်း–၆၄၀၀၉၄၊ ဦးတင့်စိန်ဖူး ဖုန်း–၆၄၃၉၄၇၊ ဦးစောပြည်သိမ်း ဖုန်း–၆၄၃၇၆၃နှင့် ဦးတင့်လွင် ဖုန်း– ၀၉–၅၀၀၃၄၁၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

## မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ သန်လျင်မြို့နေ ဦးမြင့်ထူး–ဒေါ်အမာချို(ပုလဲမြင့်ဆေးလိပ်ခုံ)တို့၏ သားကြီး၊
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ နှင်းဆီကွန်ဒို၊ အမှတ် ၁၈၉–၁၉၂(စီ)နေ

**မောင်ကြည်မင်း B.Sc (Zoology)**

M.D (P.A.G Co.,Ltd.), Representative of MDIS (Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးတင်ကိုကို M.D(Taw Win Myint Mo Co.,Ltd.)၊
အလုပ်အမှုဆောင်(မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)–
ဒေါ်အေးအေးမူ(ကထိက–ငြိမ်း၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ သမီး

**မဇာနည်ကိုကို(ခ)မသောဇီ B.A (English)**

Director(Taw Win Myint Mo Co.,Ltd., Myint Mo Paper Trading)

တို့၏ ၂၂–၁၀–၂၀၀၆ရက် Sedona Hotelတွင်ကျင်းပသည့် စေ့စပ်မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ ၁၀–၁၁–၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းအားလည်းကောင်း၊ သန်လျင်မြို့၊ သိမ်ကျောင်းပရိယတ္တိစာသင်တိုက် မင်္ဂလာဦးဆွမ်းကျွေးပွဲတွင်ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မိဘဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ၁၂–၁၁–၂၀၀၆ရက် Traders Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် ထိမ်းမြားလက်ထပ်ပေးပါသော ပညာရေးဝန်ကြီး(ငြိမ်း)ဒေါက်တာကျော်စိန်နှင့်ဇနီး ဒေါ်တင်တင်အေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရန်ကုန် တပ်နယ်မှူးဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီး ဒေါ်ခင်ခင်နှင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ် ချီးမြှင့်ပေးပါသော သီဟသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဝင်းမြင့်၊ ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ကုမ္ပဏီအသီးသီးမှ ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်ကြီးများ၊ မိဘဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော အဆိုတော် ဒေါ်တင်တင်မြ၊ မင်္ဂလာဝတ်စုံ၊ ဆံပင်၊ မိတ်ကပ်ခင်စန်းဝင်း၊ မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဓာတ်ပုံဦးအောင်ထွန်းနိုင် (ပြည်မြန်မာ)၊ ဦးစိုးအောင်၊ ကိုစည်သူ၊ ဗီဒီယို ကိုဇော်ရဲတင့်(နဝရတ်)အဖွဲ့၊ မင်္ဂလာပန်းကြိုးပေးသော မနယဉ်သန်းဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးကြသော မနှင်းဝေမြင့်နှင့် မတင်ရတနာကိုတို့အားလည်းကောင်း၊ တေးဂီတဖြင့် ဖျော်ဖြေပေးပါသော အေဝမ်းစိုးမြင့်နှင့်အဖွဲ့၊ Traders Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးကြသော P.A.G Co.,Ltd., Taw Win Myint Mo Co.,Ltd. တို့မှ ကုမ္ပဏီဝန်ထမ်းများနှင့် မိတ်ဆွေများအားလည်းကောင်း၊ သန်လျင်မြို့ သိမ်ကျောင်းပရိယတ္တိစာသင်တိုက်တွင် ၁၄–၁၁–၂၀၀၆ရက်မှ ၁၆–၁၁–၂၀၀၆ရက်အထိ ကျင်းပသော မင်္ဂလာဦးဓမ္မဒါနတရားပွဲတွင် အစစအရာရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆရာတော်ဦးခေမိန္ဒ၊ ဆရာတော်ဦးသုမန၊ ဦးမြင့်ထူး (တတိယမျက်လုံး)၊ ဆရာမဒေါ်တင်တင်ဝင်း၊ သိမ်ကျောင်းအကျိုးဆောင်အဖွဲ့၊ ကိုထွန်းထွန်း(ဓမ္မရောင်ခြည်)လူငယ်များအဖွဲ့နှင့် မိဘဆွေမျိုး မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ကြည်မင်း–မဇာနည်ကိုကို။**





ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ၁၉၈၂ခုနှစ် ကျောင်းဆင်း ကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ်မြောက် မြတ် ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၉ရက်က တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသူကျောင်းသားများက ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က–ပ)

## ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များ လှိုင်ကော်အကျဉ်းထောင်သို့ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၁

ပြည်တွင်းလူမှုရေးအသင်း အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များသည် အကျဉ်းဦးစီးဌာန လှိုင်ကော်အကျဉ်းထောင်သို့ နိုဝင်ဘာ ၁၀ရက် နံနက် ၁၀နာရီက သွားရောက်ကြည့်ရှုလေ့လာပြီး အကျဉ်းသားများအတွက် အသုံးအဆောင် ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၃၈၈၀၀ကို လှူဒါန်းခြင်း **(ယာပုံ)**နှင့် မိသားစုဝင်များထံ စာရေးသား ဆက်သွယ်လိုသူများအား လိုအပ်သည်များ ကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အောင်မြေသာစံ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂) အဆောက်အအုံဆောက်လုပ်ပြီးစီးမှုလုပ်ငန်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၃လမ်းနှင့် ၂၄ လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) အဆောက်အအုံသစ်ဆောက်လုပ်မှု လုပ်ငန်းခွင်သို့ရောက်ရှိရာ ဘဏ်ခွဲ(၂)မန်နေဂျာ ဦးသိန်းထွန်းက ဘဏ်ခွဲ(၂)အဆောက်အအုံသစ် ဆောက်လုပ်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်း ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဘဏ်ခွဲ(၂) အဆောက်အအုံသစ် သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေး မှာကြားကာ အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(အောက်ပုံ)(က–ပ)**

## (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားကွင်း (မင်္ဂလာဒုံ)၌ကျင်းပသော (င)အုပ်စု ပြိုင်ပွဲတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်အသင်းနှင့်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီသရေဖြစ်သွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေးမြို့၌ တရားမဝင် သေနတ်ကိုင်ဆောင်ပြီး မိန်းကလေးတစ်ဦးအားပစ်ခတ်ခဲ့သည့် တရားခံ စံပြား(ခ)စိုင်းစံကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၄နာရီအတွင်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

မန္တလေးမြို့၌ နိုဝင်ဘာ၁၆ရက်တွင် တရားမဝင် သေနတ်ကိုင်ဆောင်ပြီး မိန်းကလေးတစ်ဦးအား ပစ်ခတ်ခဲ့သည့် တရားခံတစ်ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၄နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၁၆ရက် ညနေ ၃နာရီခန့်တွင် မန္တလေးမြို့ ၅၄ လမ်း၊ လမ်း ၄၀x၄၁လမ်းကြား၌ မချိုချို(ခ)မကြူကြူရှင်းရီဆိုသူက စံပြား(ခ)စိုင်းစံအား မချစ်နိုင်ကြောင်း ငြင်းဆိုသဖြင့် စံပြား(ခ)စိုင်းစံက သေနတ်ဖြင့်ပစ်ခတ်၍ မချိုချို(ခ)မကြူကြူရှင်းရီ၏ ဝဲဘက်နားထင်ထိမှန်ဒဏ်ရာရရှိပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့သော်လည်း နိုဝင်ဘာ ၁၈ရက် နံနက်၉နာရီ၁၅မိနစ်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

### သေဆုံးသွား

တရားခံ စံပြား(ခ)စိုင်းစံသည် မန္တလေးမြို့မှ မတ္တရာမြို့နယ် ကန်ပိုင်ရွာ၊ ၎င်းမှ တောင်ပြုံးရွာဘက်သို့ တိမ်းရှောင်ထွက်ပြေးခဲ့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ တရားခံထွက်ပြေးသည့် လမ်းကြောင်းအတိုင်း ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခဲ့မှုကြောင့် နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီ မိနစ်၂၀တွင် လွန်ဒေါင်းရွာနှင့် တောင်ပြုံးရွာအကြား တာဘောင်လမ်းပေါ်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက တရားခံအား လုံးထွေးသတ်ပုတ်ပြီး ပွိုင့်၃၂ ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### တရားမဝင်ဝယ်ယူ

တရားခံ စံပြား(ခ)စိုင်းစံ၏ ထွက်ဆိုချက်အရ ပွိုင့် ၃၂ ပစ္စတို တစ်လက်နှင့် ၎င်းကျည်များကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် တာချီလိတ်မြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် အငှားယာဉ်မောင်းတစ်ဦးထံမှ ဘတ်ငွေ ၁၂၀၀၀ဖြင့် တရားမဝင်ဝယ်ယူခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မန္တလေးမြို့လယ်ခေါင်၌ နေ့ခင်းကြောင်တောင်အချိန်တွင် သေနတ်ပစ်ခတ်ပြီး တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်ကာ ပြည်သူလူထုအား အထိတ်တလန့်ဖြစ်စေခဲ့သည့် တရားခံအား ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် မန္တလေးမြို့ အမှတ်(၉)ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**






# ကတ္တရာလမ်းများ အရည်အသွေးကောင်းမွန်ရေးဆောင်ရွက် မီးဖိုချောင်သီးနှံနှင့် ဆောင်းသီးနှံများမပြတ်စိုက်ပျိုး

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် အောက်တိုဘာ ၁၈ရက် နံနက်က ချမ်းမြသာစည်မြို့နယ် ၅၆လမ်းမကြီးအား သိပ္ပံလမ်းမှ မနော်ဟရီလမ်းအထိ အကျယ် ၂၄ပေ၊ အရှည်၆၄၂၇ပေရှိ ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးဦးအောင်စိုးက ၅၆လမ်းမကြီးအား အပိုင်းလိုက်ကတ္တရာခင်းကျင်းပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဖြည့်ဆည်း

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၁၄)ဌာနမှ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေတံခွန်တောင်ဂေါက်ကွင်း တတိယကော်နာ ကွင်းသစ်ကိုးကျင်းဆောင်ရွက်နေမှု၊ မျက်စိပသာဒအလှပင်များ စိုက်ပျိုးထားရှိမှု၊ အရိပ်ရပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံ အမှတ်(၁)သို့ သွားရောက်၍ အောင်မြင် ဖြစ်ထွန်းနေသော ဌာနအသီးသီး၏ ကော၂၀ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများကိုလည်းကောင်း၊ရေထုတ်မြောင်း၊ရေသွင်းမြောင်းများ ဖောက်လုပ်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရာသီအလိုက် မီးဖိုချောင်သီးနှံနှင့် ဆောင်းသီးနှံများ စဉ်ဆက်မပြတ် ဆက်လက်စိုက်ပျိုးသွားရန် မှာကြားသည်။

## မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာအုပ်စု ငွေ့ကြီးကုန်းစိုက်ကွက်၌ မိုးစပါး ဧက ၅၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မေဃဝီရိပ်ကွက် ၈၁လမ်းအား ၁၇လမ်းမှ ၁၈လမ်းအထိ ကတ္တရာခင်းဆောင်ရွက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ လမ်းအရည်အသွေးကောင်းမွန်ရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့အတွက် မှာကြားပြီး**(အပေါ်ပုံ)**လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရာပြည့်ပွဲ ကျင်းပမည်

**ဘီးလင်း နိုဝင်ဘာ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့ ငှက်ပျောတောကျောင်း ရာပြည့်ပူဇော်ပွဲကို ဒီဇင်ဘာ ၄ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရာပြည့်ပွဲတွင် ဘီးလင်းမြို့ သမိုင်းနှင့်သာသနာဝင်မှတ်တမ်းစာအုပ် ထုတ်ဝေသွားမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ဒါယိကာမများ ငှက်ပျောတောကျောင်း ဖုန်း-၀၅၇-၆၄၀၆၉၊ ဦးအောင်တင် ဖုန်း-၀၅၇-၆၄၁၄၄၊ ဦးမင်းလွင် ဖုန်း-၀၅၇-၆၄၁၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တောင်ငူ၌ ပညာပေးဟောပြောပွဲကျင်းပ တိုင်းအမျိုးသမီးရေးရာအဖွဲ့ သို့ငွေလှူဒါန်း

**တောင်ငူ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသားနေ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲ၊ ဆီးချို၊ သွေးချိုရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ၁၀ရက် နံနက် ၉ နာရီက ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

## ဟောပြော

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့နာယက ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စင်နွန်းခွန်ဆမ်းက အမှာစကားပြောကြားပြီး ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်က အမျိုးသားနေ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံမှ သမားတော်ကြီး ဒေါက်တာသိန်းညွှန့်က ဆီးချို၊သွေးချို ရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောခြင်းများ ပြုလုပ်ကြသည်။

## လက်ခံယူ

ဆက်လက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ တောင်ငူခရိုင်အတွင်းရှိ အလှူရှင်များက အလှူငွေ ၂၂၆၀၀၀၀ကို ပေးအပ်ရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စင်နွန်းခွန်ဆမ်**(အောက်ပုံ)၊** ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းသန်းနွဲ့၊ ဒေါ်အေးအေးမင်းနှင့် ဒေါ်ခိုင်ခိုင်တို့က လက်ခံယူကြသည်။

**(ခရိုင် ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ် သတင်းများ



**ပေါင်းတည် မြို့နယ် စည်ပင် သာယာရေး အဖွဲ့ ကျေးလက် ဒေသ လမ်းပန်း ဆက်သွယ်မှု ချောမွေ့ ကောင်း မွန် ရေး အတွက် မဲခေါင်း ကျေးရွာ အုပ်စု ခြောက် လုံး ပြူး ကျေးရွာ နှင့် အင်တိုင်းဇင်း ကျေးရွာ ကြားရှိ သစ်သား တံတား တည် ဆောက်နေမှုကို နိုဝင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးဝင်းနိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။**

(မြို့နယ် စည်ပင်)

**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျေးလက်ဈေးများ သန့်ရှင်း သပ်ရပ်မှုရှိရေးအတွက် ဝက်ထီးကန် ကျေးလက်ဈေး ဆောင်ရွက်ထားမှုကို နိုဝင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်ဖေယျ ကွင်းဆင်းကြည့်ရှု ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)



ကြိုတင်ကာကွယ် တားဆီး အန္တရာယ် မီး

# စစ်ကိုင်း အထက(၂)အာစရိယပူဇော် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

စစ်ကိုင်း နိုဝင်ဘာ ၁၅

**စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီက အဆိုပါကျောင်း မြမဥ္ဇူခန်းမတွင်ကျင်းပသည်။**

အခမ်းအနားတွင် ကျောင်းသားကျောင်းသူဟောင်းများက ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ပူဇော်ငွေနှင့်ကန်တော့ပစ္စည်းများ ပူဇော် ကန်တော့ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၅၉ဦးတို့ကိုယ်စား အငြိမ်းစားကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်စိန်က ဩဝါဒစကားပြောကြား ဆုပေးသည်။

ထို့နောက်အမှတ်(၂)အခြေခံပညာကျောင်းသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက မျက်နှာကြက်ပန်ကာ နှစ်လုံး ပေးအပ်လှူဒါန်းကြသည်။

## လှူဒါန်း

ယင်းနောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၏ လူမှုရေး၊ ကျန်းမာရေးများ စောင့်ရှောက်နိုင်ရန်အတွက် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရာ ဦးတင်အောင်-ဒေါ်အမာညို(ဆင်စွယ်) လုပ်ငန်းမိသားစုက ငွေကျပ် သုံးသိန်း၊ ဒေါက်တာကျော်လှ နှင့်(၁၉၆၃-၆၄) နဝမတန်း(က)ကျောင်းသား၊ကျောင်းသူဟောင်းများက ငွေကျပ်နှစ်သိန်း၊ ဦးလှမြင့်မောင်(ဒုညွှန်မှူး၊ မြန်မာ့ရေနံ)က ငွေကျပ်တစ်သိန်း၊ ဦးရဲမြင့်သန်း(ဒီဇယ်စက်ခေါင်းရုံ၊ မြန်မာ့မီးရထား မန္တလေး) က ငွေကျပ်တစ်သိန်းနှင့် ကျန်အလှူရှင်များက လှူဒါန်းငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ်၁၀သိန်းကိုလှူဒါန်းကြသည်။

## ဆုချီးမြှင့်

ဆက်လက်၍ အထက(၂)မှ ထူးချွန် ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ထူးချွန် သားသမီးများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ အခမ်းအနားတွင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီးဒေါ်ဝင်းဝင်းနုတို့က နေ့လယ်စာဖြင့် ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြံခိုင်ဖွံ့ဖြိုးရေး)**

# မြစ်ကြီးနား မြို့မဈေးများ၌ သန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား နိုဝင်ဘာ ၃**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး သုံးဈေးအား လစဉ် ၂၅ရက်နေ့တိုင်း ဈေးပိတ်ပြီး သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ရေမြောင်းများ ရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ရက်က ဦးစီးအရာရှိ ဦးခင်အောင်နီ၊ဒုတိယဦးစီးမှူး(ဈေး)၊ ကျန်းမာရေးမှူးနှင့် ဈေးမိဈေးဖတို့ ဦးဆောင်ကာ မြို့မဈေး သုံးဈေးမှ ဆိုင်ရှင်တစ်ဦးကျစီ ဈေးများ အတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ခြောက်ခန်းတွဲ ရေလောင်းအိမ်သာနှစ်ခုအား သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် နတ်တော်လဆန်း ၄ရက်**
**၂၃-၁၁-၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီပွားလုပ်ငန်းများ (သဘာဝနေကြာဆီသန့်ထုတ်လုပ်မှုအကြောင်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အကောင်းကံချစ်မှအချစ် ကံကောင်းမယ် (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)
(၂) မြတ်ဆရာသို့ကန်တော့ပန်း (လှစိုးမိုး-စီမံကိန်း)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (နှလုံးသွေးကြောစောင့်ရှောက်မှုအကြောင်း-ပထမပိုင်း)(မောင်ဆုရှင်)

၁၂:၃၀ အစာနှင့်အာဟာရ (မုန့်ဆန်းနှင့်ဆတ်နံ့ကျို)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈:၂၅ သံစဉ်တေးသွားမေတ္တာစကား
(၁) ဘယ်နေ့ပြန်လာမှာလဲမောင် (ထား)
(၂) တစ်နေ့ တော့မောင်ပြန်လာမည် (စန္ဒရားချစ်ဆွေ)

၁၈:၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ငွေကြယ်ပွင့်ကို လင်းလက်စေသူ)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အိပ်မက်လှလှမက်ပါစေ (ကိုမြသိန်း)
(၂) မိန်းကလေးလက်ရေး (မစိန်မြင့်လတ်)
(၃) ချစ်သူသည်သာ (ကိုရဲဝင်း)



## မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ချောင်းဦးမြို့ ရွှေကူဘုရား၌ကျင်းပ

ချောင်းဦး နိုဝင်ဘာ ၁၂

**စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ရပ်ကွက်ပေါင်းစုံ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ရက် မွန်းလွဲ ၂နာရီက ချောင်းဦးမြို့ ရတနာရွှေကူဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာယီအတွင်းရေးမှူး ဦးချစ်လွင်နှင့်အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

### အားပေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်၊ မြို့နယ်ယာယီအတွင်းရေးမှူး ဦးချစ်လွင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်တို့က အမှာစကား ပြောကြား၍ ဖွင့်လှစ်ပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသော ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

### ဆုချီးမြှင့်

ပြိုင်ပွဲတွင် ချောင်းဦးတောင်ရပ်ကွက်က ပထမ၊ တမာမြိုင်ရပ်ကွက်က ဒုတိယ၊ ချောင်းဦး မြောက်ရပ်ကွက်က တတိယ ရရှိရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်ပြီး မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က မသိုးသင်္ကန်းကို ရတနာရွှေကူဘုရားကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဆင်းတုတော်အား ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

## လှိုင်လင်မြို့၌ ရေမီတာတပ်ဆင်

**လှိုင်လင် နိုဝင်ဘာ ၃**

ရေကိုစနစ်တကျ သုံးစွဲရေးနှင့် ရေလေလွင့်ပြုန်းတီးမှု လျော့နည်းစေရေးအတွက် လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ရေပေးဝေလျက်ရှိသော အိမ်သွယ်ရေတိုင်များတွင် ရေမီတာ တပ်ဆင်ခြင်းလုပ်ငန်းကို စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုင်းနုတို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



**ဦးဝမ်လိုင် (ခ) ဦးကျော်ညွန့်အား ရည်စူး၍ ရန်ကုန်တိုင်း လသာမြို့နယ် ၁၈လမ်း အမှတ်(၂၇)နေ ဒေါ်မြရှိန်နှင့်သားသမီးတစ်စုက ဒဂုံမြို့နယ်အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိုးချဲ့တိပိဋကကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့်သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တရုတ်ကျောင်းလမ်း အမှတ်(၁၁)နေ ဦးမြသန်းစိုး-ဒေါ်အေးကြူ(သင်္ချိုင်းဌာန-ဆေးတက္ကသိုလ်)(၂)မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းရှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ(M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ကာမိုင်းမြို့မဈေး၌ သားငါးဆိုင်များ သန့်ရှင်းရေးဆွေးနွေး

**ကာမိုင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဆန်းအောင်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၃ရက်က ကာမိုင်းမြို့ မြို့မဈေးအတွင်းမှ ဟင်းသီးဟင်းရွက်နှင့် အသားငါး အရောင်းဆိုင်များ သန့်ရှင်းသပ်ရပ်မှု၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူများအား သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် အသားငါးများကိုသာ ရောင်းချကြရန်နှင့် ယင်လုံဆန်ခါ အသုံးပြုကြရန် ဆွေးနွေးကြသည်။ **(၄၁၆)**

## တောင်တွင်းကြီးသာသနာ့လမင်း ဆွမ်းလောင်းအသင်း ဆွမ်းနှင့် စာရေးတံမဲများ ဆက်ကပ်လောင်းလှူ

**တောင်တွင်းကြီး နိုဝင်ဘာ ၁၀**

တောင်တွင်းကြီးမြို့ သာသနာ့လမင်း ဆွမ်းလောင်းအသင်းက ကြီးမှူး၍ မောင်းတိုင်(၂)ရပ်ကွက် တနင်္လာဆွမ်းပတ် ကိုယ်စားပြုကာ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသနှင့် နိုင်ငံခြားသားယောဂီများ အောက်တိုဘာ ၂၃ရက် နံနက် ၅နာရီက သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ဆွမ်းဟင်းများ၊ စာရေးတံမဲများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လောင်းလှူကြသည်။

### ဆက်ကပ်လှူဒါန်း

အဆိုပါ ဆွမ်းလောင်းလှူပွဲတွင် သာသနာ့လမင်း ဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တနင်္လာဆွမ်းပတ် နာယက ဦးဂျပန်၊ ဥက္ကဋ္ဌ ဦးအောင်ဝင်း၊ အတွင်းရေးမှူး ဦးကျော်မြင့်ဌေးနှင့် ဘာသာရေးအကျိုးတော်ဆောင်များ၊ နိုင်ငံခြားသား ယောဂီများက မြို့ပေါ်ကျောင်းပေါင်း ၅၇ကျောင်းမှ ဆရာတော်၊ သံဃာတော် စုစုပေါင်း ၅၆၁ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းများ၊ စာရေးတံမဲများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျုံကရုတ်ကျေးရွာအတွင်း အုတ်ခုံ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို အောက်တိုဘာ ၃၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးဇော်မြင့်ဦးတို့ တိုင်းထွာပြစဉ်။** (မြို့နယ်စည်ပင်)



## ကျီးသဲ အထက မြတ်ဆရာပူဇော်ပွဲ

**ကျီးသဲ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲအထက မှ အငြိမ်းစား ဆရာဆရာမများအား တပည့်ဟောင်းများက ဒီဇင်ဘာ ၂၄ ရက် (ပြာသိုလဆန်း ၆ ရက်) တနင်္ဂနွေနေ့တွင် စတုတ္ထအကြိမ်မြောက် နှစ် (၅၀) ရွှေရတုအကြို မြတ်ဆရာ ပူဇော်ပွဲကို ယင်းကျောင်းပညာ့ဗိမာန်ခန်းမ၌ ကျင်းပ ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

### လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များသည် အလှူငွေများကို ဦးသန်းကြွယ်(မြို့နယ်ပညာရေးမှူး-ငြိမ်း) ဖုန်း-၀၅၃-၂၅၄၈၀၊ ဦးခင်မောင်ဝင်း (သုခအောင်)ဖုန်း- ၀၁-၂၄၇၈၀၀၊ ဦးအေးမြင့် (ရန်ကုန်) ဖုန်း- ၀၉-၅၀-၀၁၆၄၄နှင့် ဦးမြင့်ဒိုး(ရန်ကုန်) ဖုန်း-၀၁-၆၅၀၀၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ကန်တော့ခံ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## သိန်းနီမြို့၌ ပေါင်းမြက်ရှင်းလင်း

**သိန်းနီ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲယာတွင် ချုံနွယ်နှင့် ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၂ရက် နံနက် ၉နာရီက လမ်းမကြီးဘေးတစ်လျှောက် ဆောင်ရွက်ကြသည်။

အဆိုပါ ဆောင်ရွက်ရာသို့ သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ဂန့်ဂေါ နိုဝင်ဘာ ၁၂**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို လူထုဆက်သွယ်ရေးမီဒီယာနည်းဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ရေးနှင့် ဂန့်ဂေါခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းခွင်အရည်အသွေးမြင့်မားရေးတို့အတွက် လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၀၆)ဖွင့်ပွဲကို နိုဝင်ဘာ ၇ရက် နံနက် ၁၀နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(ခရိုင် ပြန်/ဆက်)**

**ချင်းပြည်နယ် တွန်းဇန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့အဝင်ကားလမ်း ဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်မှုကို အောက်တိုဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးချန်ဟမ်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (က-ပ)



# အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi , PVSM, AVSM, VM, ADC , Chairman, Chief of Staff Committee and Chief of The Air Staff နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

## ကြိုဆိုနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် မွန်းလွဲ ၁ နာရီတွင် ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။ စာမျက်နှာ ၇ ကော်လံ ၁ ■

## နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်



ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi , PVSM, AVSM, VM, ADC , Chairman, Chief of Staff Committee and Chief of The Air Staff အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းအား အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman Chief of Staff Committee and Chief of The Air Staff နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၁

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman Chief of Staff Committee and Chief of The Air Staff ဦးဆောင်သောအဖွဲ့တို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးကြသည်။

## တက်ရောက်

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အတူ ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar kumar Mitra နှင့် စစ်သံမှူး Col, Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ ၂၂-၁၁-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး